# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆဒုံးမြို့မှ ဆဂါပါကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းအား ကတ္တရာလမ်းခင်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | မိုင်းရယ်မြို့နယ် စလန်း-ပုန်းထွန်ကျေးရွာအုပ်စု၊ ပိန်းကွေ့ကျေးရွာ အထိ (နားယ-နားစောက်-ပိန်းကွေ့) လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် သက်ဆိုင်ရာက မည်သည့်ကာလတွင် ဆောင်ရွက် ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | စဉ့်ကိုင်-စော်ရဲကျေးလက်လမ်းပေါ်ရှိ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်ကို ဆက်သွယ်ထားသော ပန်းလောင်မြစ်ကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | ဒလမြို့နယ်ရှိ တံတားအမှတ်(၁/၁၄)သခွပ်မြစ်ကူးတံတားကို တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် သို့မဟုတ် တံတားကြမ်းခင်းများ ထိန်းသိမ်းပြုပြင်ပေးရန်နှင့် တံတားအကျယ်တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၉ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများအား နှစ်စဉ်ဖောက်လုပ် ဆောင်ရွက်နေသော အကွာအဝေးမိုင်များ ထက်ပိုမိုဖောက်လုပ်ပေးရန်နှင့် ယခင်ဖောက်လုပ်ပြီး အသုံးမပြုနိုင်ဘဲ ပျက်စီးနေသော ကျေးလက်လမ်းများအား အသုံးပြုနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်း ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၁၀ | မိုင်းပျဉ်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စု၊ နားညောင်ကျေးရွာသို့ ဆက်သွယ်ထားသော တံတားသည် နမ့်ပိန်းချောင်း ရေကြီးမှုကြောင့် | ၂၁ |

တိမ်းစောင်းသွား၍ အဆိုပါတံတားအား ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

| | | |
|---|---|---|
| ၁၁ | ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု တပ်ဦး-ကျောင်းကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီ ချောင်းကူးသစ်သားတံတား(၁၄၆ x ၁၂ x ၂၃)ပေအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၂ | ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်က ပြည်သူ့ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် Project Proposals (စီမံကိန်း အဆိုပြုလွှာ) များအား ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း၊ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များအားလည်းကောင်း တင်ပြ တောင်းခံရာတွင် တည်ဆောက်မည့် လုပ်ငန်းတိုင်းအတွက် Feasibility Study Report, Design, Drawing, Estimate, B.Q များ ပူးတွဲတင်ပြတောင်းခံပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၇ |
| ၁၃ | ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၃၅ |
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တံတားကြီးများဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၆ |
| ၁၅ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၄၂ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၁ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄–၂–၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း–

(က) ဦးလဂန်ဇယ်ဂျူး၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆဒုံးမြို့မှ ဆဂါပါကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **မိုင်းရယ်မြို့နယ် စလန်း–ပုန်းထွန်ကျေးရွာအုပ်စု၊ ပိန်းကွေ့ကျေးရွာအထိ(နားယ–နားစောက်–ပိန်းကွေ့) လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် သက်ဆိုင်ရာက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဒေါ်ကြည်မိုမိုလွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၏ **စဉ့်ကိုင်–စော်ရဲ ကျေးလက် လမ်းပေါ်ရှိ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်ကို**

**ဆက်သွယ်ထားသော ပန်းလောင်မြစ်ကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ဒလမြို့နယ်ရှိ တံတားအမှတ် ၁/၁၄ သခွပ်မြစ်ကူးတံတားကို တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် သို့မဟုတ် တံတားကြမ်းခင်းများ ထိန်းသိမ်းပြုပြင်ပေးရန်နှင့် တံတားအကျယ်တိုးချဲ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများအား နှစ်စဉ်ဖောက်လုပ်ဆောင်ရွက်နေသော အကွာအဝေးမိုင်များထက် ပိုမိုဖောက်လုပ်ပေးရန်နှင့် ယခင်ဖောက်လုပ်ပြီး အသုံးမပြုနိုင်ဘဲ ပျက်စီးနေသော ကျေးလက်လမ်းများအား အသုံးပြုနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၏ **မိုင်းပျဉ်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စု၊ နားညောင်ကျေးရွာသို့ ဆက်သွယ်ထားသော တံတားသည် နမ့်ပိန်းချောင်း ရေကြီးမှုကြောင့် တိမ်းစောင်းသွား၍ အဆိုပါတံတားအား ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု တပ်ဦး–ကျောင်းကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူး သစ်သားတံတား(၁၄၆× ၁၂× ၂၃) ပေအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်က **"ပြည်သူ့ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် Project Proposals (စီမံကိန်း အဆိုပြုလွှာ) များအား ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း၊ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များအားလည်းကောင်း တင်ပြတောင်းခံရာတွင် တည်ဆောက်မည့် လုပ်ငန်းတိုင်းအတွက် Feasibility Study Report, Design, Drawing, Estimate, B.Q များ ပူးတွဲတင်ပြ တောင်းခံပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"တံတားကြီးများ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ယဉ်ကျေးမှု အမွေအနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(၁၂) ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**

**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၆ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၂) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၃) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဆလိုင်းရန်းဗယ် ခွင့် ၁ ရက်၊

(၄) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၅ ရက်၊

(၅) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၈ ရက်၊

(၆) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၇) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၈) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုးဝင်း ခွင့် ၂ ရက်၊

(၁၀) လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ခွင့် ၂ ရက်၊

(၁၁) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၁ ရက်၊

(၁၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၁၃) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၉ ရက်၊

(၁၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၁၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊

(၁၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၉ ရက်၊

(၁၇) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၂ ရက်၊

(၁၈) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၁၉) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၂၀) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၂၁) ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၁ ရက်၊

(၂၂) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ခွင့် ၁ ရက်၊

(၂၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၂၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂၅) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၂ ရက်၊

(၂၆) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၂၇) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၁ ရက်နှင့်

(၂၈) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆဒုံးမြို့မှ ဆဂါပါကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းအား ကတ္တရာလမ်းခင်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး ဖြစ်ပါတယ်။ ယနေ့လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ ဝိုင်းမော်မြို့နယ် အတွင်းရှိ ဆဒုံးမြို့မှ ဆဂါပါကျေးရွာတို့ကို ဆက်သွယ်ပေးထားသော မြေသားလမ်းကို ရာသီမရွေး သွားလာနိုင်တဲ့ ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းခင်းပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော့်ရဲ့မေးခွန်းကို Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုရန် ဥက္ကဋ္ဌကြီးအား ခွင့်တောင်းအပ်ပါတယ်။ အခုတွေ့မြင်နေရတဲ့ပုံကတော့ ဆဂါပါကျေးရွာရဲ့တောင်ပေါ်မှာရှိတဲ့ ကျေးရွာ လူနေအိမ်တွေဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့တောင်ပေါ်မှာတည်ဆောက်ထားတဲ့ ရွာ၊ အိမ်တွေ ဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့တောင်ပေါ်က အိမ်တွေဖြစ်ပါတယ်။ ဒါကတော့ ကျောင်းဖြစ်ပါ တယ်။ ကျောင်းကတော့ ဆဂါပါကျေးရွာအနီးအနား အားလုံးပေါင်းရင် ကျောင်းလေးကျောင်း ရှိတာဖြစ်ပါတယ်။ ဒါကတော့ ဆဂါပါကျေးရွာရဲ့ မူလတန်းကျောင်းဖြစ်ပါတယ်။ ဒါလည်းပဲ ကျေးရွာ တွေက ကျောင်းပဲဖြစ်ပါတယ်။ ကျောင်းအားလုံးပေါင်းဆိုရင် အ.လ.က(ခွဲ) ဆဂါပါကျောင်း၊ အ.လ.က (ခွဲ)လုံထောင်ကျောင်း၊ ယင်းနော့ အ.မ.က (ခွဲ)ကျောင်း၊ ဘိုဝါ အ.မ.က (ခွဲ)ကျောင်း ဒီလိုနဲ့ ကျောင်း လေးကျောင်းရှိတာဖြစ်ပါတယ်။ ဒါကတော့ ဆဂါပါအဝင် တောင်တက်ရွာအဝင်လမ်းလေး ဖြစ်ပါတယ်။ ဒါကတော့ ဆဂါပါကျေးရွာကနေ ဆဒုံးမြို့ကိုသွားတဲ့ဆက်သွယ်ထားတဲ့လမ်းဖြစ်ပါတယ်။ ပုံမှာတွေ့တဲ့ အတိုင်း အမှန်တကယ်ပဲသွားလာရခက်ခဲတဲ့လမ်းလေးဖြစ်ပါတယ်။ ဒါလည်းပဲ ထိုလမ်းပဲဖြစ်ပါတယ်။ ဒါကလည်း ဆိုင်ကယ်တောင် မနည်းသွားလာနေရတာ ဖြစ်ပါတယ်။ ဆိုင်ကယ်တွေထမ်းပြီး သွားရပါတယ်။ ဆိုင်ကယ်တောင်မနည်း ကားဆိုရင်ပိုပြီးဆိုးပါတယ်။ သွားလို့မရတာဖြစ်ပါတယ်။ ဟုတ်ကဲ့။ ဒီလိုနဲ့ ဒီကျေးရွာမှာရှိတဲ့ လူဦးရေအားလုံး၊ အိမ်ခြေအားလုံးကတော့ ခန့်မှန်းခြေအိမ်ခြေ ၆၀၀ ကျော်ရှိပါတယ်။ လူဦးရေကတော့ ၃၀၀၀ ကျော်ရှိပါတယ်။ ဒီမှာနေတဲ့ ကျွန်တော်တို့ရဲ့မဲဆန္ဒရှင် ပြည်သူတွေအနေနဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စအဝဝတွေကို ဝိုင်းမော်မြို့နဲ့မြစ်ကြီးနားမြို့ကို လာတဲ့အခါမှာ ခုနအစောတုန်းက ရှင်းလင်းတင်ပြခဲ့တဲ့ Power Point မှာပါတဲ့အတိုင်း ဒီလို လမ်းတွေ ကိုဖြတ်ရပါတယ်။ ဒီလမ်းတွေဖြတ်တဲ့အခါမှာ အထူးသဖြင့် မွေးဖွားဖို့ ကျန်းမာရေးအရလာတဲ့ ပြည်သူ

တွေအနေနဲ့ အင်မတန်မှဒုက္ခရောက်ရပါတယ်။ ဆေးရုံကိုမရောက်ခင်မှာဘဲ လမ်းခုလတ်မှာပင် မမျှော်မှန်းနိုင်တဲ့ကိစ္စလေးတွေကြုံတွေ့ရတဲ့အပိုင်းတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် ဒီလို ကျေးလက်တောင်ပေါ်နေ မဲဆန္ဒရှင်ပြည်သူတွေ ဒီလိုဒုက္ခအဝဝကနေကင်းဝေးဖို့ရန်အတွက် အမှန် တကယ်ပဲ ဒီလမ်းကိုကွန်ကရစ်လမ်း သို့မဟုတ် ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းတို့၊ ကွန်ကရစ်လမ်းတို့ခင်းပေးရန် လိုအပ်နေပါတယ်။ အဲဒါကြောင့် ဒါနဲ့ဆက်စပ်ပြီးမှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းများကို မေးရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝင်ပုဂ္ဂိုလ်များ အားလုံး အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်မှ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်အတွင်းမှာရှိတဲ့ ဆဒုံးမြို့မှ ဆဂါဝါကျေးရွာသို့ ဆက်သွယ်ထားတဲ့ မြေသားလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ ကချင်ပြည်နယ်အပါအဝင် ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီးနှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းဒေသကြီး ခြောက်ခုတို့မှ နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ လမ်း/တံတားလုပ်ငန်း၊ သောက်သုံးရေ/စိုက်ပျိုးရေရရှိရေး လုပ်ငန်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးနှင့်ဒေသခံပြည်သူတို့ရဲ့ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မယ့် အခြေခံအဆောက်အဦတည်ဆောက်ရေး လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့က ဆောင်ရွက်ပါတယ်။ ဒါ့အပြင်မှာ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားများရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်အစိုးရက မူဝါဒနှင့်အညီရေးဆွဲချမှတ်ထားတဲ့ အမျိုးသားစီမံကိန်းနှင့်အကျုံးဝင်တဲ့လုပ်ငန်းတွေ၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ တောင်းဆိုချက်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့မေးမြန်း

ချက်၊ ဒေသခံပြည်သူလူထုရဲ့တင်ပြချက်များ၊ ဒေသအသီးသီးရှိ ဌာနဆိုင်ရာတာဝန်ရှိသူများရဲ့ နယ်မြေကွင်းဆင်းစစ်ဆေးမှုအရ ဒေသအတွက် မဖြစ်မနေဆောင်ရွက်ပေးရန်လိုအပ်တဲ့လုပ်ငန်းများ စသည့်ကိစ္စရပ်များကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းမှတ်တမ်းရေးသွင်းပြီးတော့ ဦးစားပေးကဏ္ဍများအလိုက် နိုင်ငံတော်အစိုးရရဲ့ ဘဏ္ဍာငွေခွင့်ပြုဝင်ဆံ့မှုအပေါ်မှာ အခြေခံပြီးတော့ နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက်ရန်ပုံငွေများကို လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ လမ်းဟာဆိုလို့ရှိရင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်အတွင်းမှာရှိတဲ့ ဆဒုံးမြို့မှ ဆင်ဂါပါကျေးရွာသို့ ဆက်သွယ်ထားတဲ့လမ်းအရ ဆဒုံးမြို့ အမှတ်(၄)ရပ်ကွက်ကနေ ဆင်ဂါပါကျေးရွာ ချောင်းကူးတံတားထိ ၃ မိုင် ၃ ဖာလုံရှိပြီးတော့ အချို့ဒေသများဟာ ၂၂ ပေအကျယ်ရှိပါတယ်။ အချို့နေရာတွေဟာ ၁၂ ပေအကျယ်ခန့်သာရှိသဖြင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရန် မြေသားလမ်းပြုပြင်ခြင်းကို ဦးစွာဆောင်ရွက်ပြီးမှသာ ကျွန်တော်တို့က ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းလုပ်ငန်းကို ဆောင်ရွက်ရပါမယ်။ ဒီလုပ်ငန်းကိုဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာငါးရွာ၊ အိမ်ခြေ ၃၇၅ အိမ်၊ လူဦးရေ ၂၀၁၀ ဦးတို့ကို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မှာဖြစ်သော်လည်း လက်ရှိမှာ ဒီလမ်းကို တစ်နေ့လျှင် မော်တော်ယာဉ် ၁၀ စီးခန့်သာ ဖြတ်သန်းသွားလာနေရတယ်ဆိုတာကိုလည်း ကျွန်တော်တို့ သိရှိရပါတယ်။

ဒါ့အပြင် ၎င်းဒေသဟာ နယ်မြေလုံခြုံရေးအခြေအနေအရ လတ်တလောဆောင်ရွက်ပေးရန် မသင့်တော်သေးကြောင်း မြေပြင်ကွင်းဆင်းစိစစ်ချက်အရ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့လမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်အတွက် မိမိတို့ရဲ့နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစာရင်းမှာ မှတ်တမ်းတင်ထားရှိပါမယ်။ နယ်မြေတည်ငြိမ်အေးချမ်းမှု၊ စီမံကိန်းပါလုပ်ငန်းဖြစ်မှု၊ ဘတ်ဂျက်ရရှိနိုင်မှု၊ လုပ်ငန်းလိုအပ်ချက်နှင့် ဒေသအတွက် အကျိုးပြုနိုင်မှု၊ မြေပြင်အခြေအနေနှင့်ကိုက်ညီမှု၊ သက်ဆိုင်ရာနယ်မြေတာဝန်ခံများမှသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကသော်လည်းကောင်း ဦးစွာမြေပြင်ကွင်းဆင်းစစ်ဆေးထားရှိမှုတို့အပေါ်မှာ မူတည်ပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေးတတိယငါးနှစ်စီမံကိန်းမှာ အဆိုပြုလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မိုင်းရယ်မြို့နယ် စလန်း-ပုန်းထွန်ကျေးရွာအုပ်စု၊ ပိန်းကွေ့ကျေးရွာအထိ(နားယ-နားစောက်-ပိန်းကွေ့)လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် သက်ဆိုင်ရာက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဓိကမေးမြန်းလိုတဲ့ကိစ္စကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့နယ်အတွင်းမှာရှိတဲ့ စလန်း-ပုန်းထွန်ကျေးရွာအုပ်စုထဲ ပိန်းကွေ့ကျေးရွာအထိ နားယ-နားစောက်-ပိန်းကွေ့လမ်းအပိုင်း Slide မှာပြထားတဲ့ အပြာရောင်လမ်းအပိုင်းလေး ဖြစ်ပါတယ်။ အဲဒီလမ်းအပိုင်းလေးကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးပါရန် ဒေသခံပြည်သူများရဲ့ တင်ပြတောင်းဆိုချက်အရ သက်ဆိုင်ရာက မည်သည့်ကာလမှာ ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို သိလိုတဲ့အကြောင်းဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်းကတော့ မိုင်းရယ်မြို့နယ်ကနေ စလန်း-ပုန်းထွန်ကျေးရွာထိ သွားတဲ့လမ်းပိုင်းဟာ စလန်း-ပုန်းထွန်ကျေးရွာအုပ်စုဆိုတာ ရှစ်ရွာရှိပါတယ်။ ဒါပေမဲ့ အဲဒီအုပ်စုဟာ မိုင်းရယ်မြို့ကနေ တိုက်ရိုက်ဆက်သွယ်ထားတဲ့ လမ်းအပိုင်းလုံးဝမရှိပါဘူး။ မိုင်းရယ်ကနေမှ လားရှိုးမြို့နယ်အတွင်းထဲကနေမှတစ်ဆင့်ပြန်ပြီးတော့ ကွေ့ပြီးတော့ မိုင်းရယ်မြို့နယ်ထဲပြန်ဝင်ပြီး စလန်း-ပုန်းထွန်ကျေးရွာအုပ်စုကို ပြန်သွားတဲ့အပိုင်းဖြစ်ပါတယ်။ အဲဒီတော့ လမ်းကတော်တော်ဝေးပြီးတော့ သွားလာဖို့အရမ်းခက်ခဲတာကတစ်ပိုင်း၊ မိုင်းရယ်မြို့ကနေ နမ့်ပေါင်ကျေးရွာအထိ နမ့်ပေါင်ကနေမှ နားယအထိကကျတော့ ကတ္တရာလမ်းပိုင်းရှိပြီးတော့မှ အဲဒီနားယကနေပြီးမှ နားယ-နားစောက်-စလန်း-ပုန်းထွန်ကျေးရွာအထိ ဝင်သွားတဲ့လမ်းပိုင်းတွေကျတော့ မြေသားလမ်းအခုမြင်ရတဲ့အပိုင်းတွေ မြေသားလမ်းတွေနဲ့ပဲရှိနေပါတယ်။ ပြီးခဲ့သက်တမ်းမှာကျတော့ ကျောက်ချောလမ်းကို တချို့တစ်ဝက်ဆောင်ရွက်ထားတာတော့ ရှိပါတယ်။ ဒါပေမဲ့လည်း မိုးတွင်းကာလမှာ အင်မတန်မှ သွားလာရခက်ခဲပြီးတော့ ပြီးခဲ့တဲ့ Slide ပြန်ပြပေးပါခင်ဗျ။ တချို့နေရာတွေမှာကျတော့ လမ်းမရှိဘဲနဲ့ ရေချောင်းတွေထဲကနေ ဖြတ်သွားရတဲ့လမ်းဖြစ်ပါတယ်။ မိုးတွင်းမှာရေကြီးလာပြီဆိုရင်

အဲဒီလမ်းတွေမှာ သွားရတာတော်တော်လေးခက်ခဲတဲ့ အနေအထား ဖြစ်ပါတယ်။ နောက် Slide ပြပေးပါ။ ဒါကြောင့်မို့လို့ ဒီကျေးရွာအုပ်စုမှာရှိတဲ့ လူထုနဲ့သွားရောက် တွေ့ဆုံတဲ့အခါတိုင်းမှာ သူတို့ရဲ့နေရာလေးက တစ်သီးတခြားနေရာလေးလို ဖြစ်နေပြီးတော့မှ သွားလာမှုအင်မတန်ခက်ခဲပြီးတော့ သူတို့ကလည်း အမြဲတမ်းတောင်းဆိုပါတယ်။ ဒီ Slide မှာ ပြထားတဲ့လမ်းက မိုင်းရယ်မြို့ကနေ အနီရောင်လမ်းကြောင်းတိုင်းက ကတ္တရာလမ်းနဲ့သွားရတယ်။ နမ့်ပေါင်ထိရောက်တယ်။ လားရှိုး ဇရိယာထဲဝင်ပြီးမှ အဲဒီကနေမှတစ်ဆင့် မိုင်းရယ်ဇရိယာထဲ ပြန်ပြီးကွေ့ဝင်လာရတာဗျ။ တော်တော်လေးကိုဝေးတဲ့ခရီးဖြစ်ပါတယ်။ ဒါ့ကြောင့် အခုပြထားတဲ့ တောင်းဆိုတဲ့လမ်းပိုင်းက ကတ္တရာလမ်း ဆောင်ရွက်ပေးနိုင်ဖို့ဆိုတာ အပြာရောင်လေးနဲ့ပြထားတာ ဖြစ်ပါတယ်။ ဘာဖြစ်လို့ကတ္တရာနဲ့ ဆောင်ရွက်ဖို့တောင်းဆိုရလဲဆိုတော့ အဲဒီလမ်းပိုင်းတွေမှာ ချောင်းသေးသေးလေးတွေဖြတ်ရတာ ကိုးနေရာလောက်ရှိပါတယ်။ တောင်ကျရေ၊ တောင်ကျချောင်းတွေ သွားလာရအင်မတန်ခက်ခဲပြီးတော့မှ ရွှံ့တွေဘာတွေနဲ့ဆိုရင် မော်တော်ယာဉ်တွေ အရမ်းအခက်အခဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသကလည်း အမြဲတမ်းတောင်းဆိုနေတယ်။ နောက်ပြီးတော့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စတွေမှာ အချိန်နှင့်တစ်ပြေးညီ လက်လှမ်းမီပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက်ရယ်၊ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက်ရယ်၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တွေ အချိန်မရွေး အလွယ်တကူသွားလာနိုင်ဖို့အတွက် အခုလိုပဲ နားယ-နားစောက်-ပိန်းကွေ့လမ်းအပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးဖို့ ပြည်သူများရဲ့တောင်းဆိုချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ လားရှိုးခရိုင်၊ မိုင်းရယ်မြို့နယ်၊ စလန်း-ပုန်းထွန်ကျေးရွာအုပ်စုမှ ပိန်းကွေ့ကျေးရွာအထိ (နားယ-နားစောက်-ပုံဟ-ပိန်းကွေ့)လမ်းအပိုင်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်ထားတဲ့ နမ့်ပေါင်-နားယ-နမ့်မကတ္တရာလမ်းကနေ ခွဲထွက်လာတဲ့ လမ်းအပိုင်းဖြစ်တယ်လို့ သိရှိရပါတယ်။ လက်ရှိမှာတော့ ၁၂ ပေခန့်အကျယ်ရှိပြီး ၁၀ မိုင်ခန့် လမ်းကြောင်းလည်းဖြစ်ပါတယ်။ အဆိုပါ နားယ-နားစောက်-ပုံဟ-ပိန်းကွေ့လမ်း ၁၀ မိုင်အနက် နားယ-နားစောက်-ပုံဟကျေးရွာအထိ ရှစ်မိုင်ကို ၂၀၁၃-

၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ထားရှိတယ်လို့လည်း ကျွန်တော်တို့ သိရှိရပါတယ်။ ပုံဟမှပိန်းကွေ့ကျေးရွာအထိ နှစ်မိုင်ကို ဒေသကနေ ကိုယ်ထူကိုယ်ထကျောက်လမ်းဆောင်ရွက်ထားရှိကြောင်း ဒေသတင်ပြချက်အရ သိရှိရပါ တယ်။ လက်ရှိအနေအထားမှာ ကျန်ရှိတဲ့နှစ်မိုင်ဟာ နယ်မြေပိုင်းခြားသတ်မှတ်မှုအရ နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရမယ့် နယ်မြေအပိုင်းမှာပါရှိတဲ့လမ်းဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းအဆင့်မြှင့် တင်ခြင်းလုပ်ငန်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများစာရင်းမှာ မှတ်တမ်းထားရှိပါမယ်။ နယ်မြေဒေသ၏ လုံခြုံရေးအခြေအနေ၊ ဒေသခံ ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းမှု၊ ဒေသအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆက်စပ်မှု ရှိ/မရှိ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေအနေအထားများကို လွှတ်တော် ကိုယ်စားလှယ်အပါအဝင် ဒေသမှတာဝန်ရှိသူများရဲ့ အသေးစိတ်ကွင်းဆင်းစိစစ်မှုအပေါ် အခြေခံ ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရန်ပုံငွေစိစစ်ထောက်ခံတင်ပြလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေး တတိယငါးနှစ်စီမံကိန်းရဲ့ အစောဆုံးဘဏ္ဍာရေးနှစ်တွင် အဆိုပြုထည့်သွင်းလျာထား ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ တစ်ဆက်တစ်စပ် မေးခွင့်ပြုပါ ခင်ဗျ။ ဒုတိယဝန်ကြီးဖြေကြားသွားတဲ့နေရာမှာ နယ်မြေဒေသလုံခြုံရေးနဲ့ ပြည်သူလူထု ရဲ့တောင်းဆိုမှု လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပူးပေါင်းပါဝင်မှုဆိုတာကို ဖြေကြားသွားတာကို ကျွန်တော်ကြားသိ ရပါတယ်။ ဒီလမ်းပိုင်းကိုလည်းပဲ လုံခြုံရေးအရလို့ပြောရရင် ဒီဧရိယာတဝိုက်ဟာ အားလုံးက မန်ပိုင်ပြည်သူ့စစ်တပ်ဖွဲ့တွေရဲ့ ဧရိယာနယ်မြေဖြစ်ပါတယ်။ တပ်မတော်နဲ့ဖြစ်ပျက်တဲ့ ပဋိပက္ခတွေ၊ တိုက်ပွဲအနေအထားတွေ မရှိသလောက်ဖြစ်ပါတယ်။ ရှိလည်းမရှိလည်းပါဘူးလို့ ကျွန်တော်တို့ သိရပါတယ်။ နောက်ပြီးတော့ ပြည်သူလူထုပါဝင်ဖို့ဆိုတာက ပြီးခဲ့တဲ့လွှတ်တော် သက်တမ်းအစပိုင်း ကတည်းကိုက ဒီလမ်းပိုင်းတွေကို တောက်လျှောက်တင်ပြတောင်းဆိုခဲ့ပြီးတော့မှ ကျွန်တော်တို့ကို အမြဲတမ်းတောင်းဆိုနေတယ်။ ကျွန်တော်တို့သွားတိုင်းလည်း သူတို့လမ်းပဲအမြဲတမ်း တောင်းနေပါ

တယ်။ ဆိုတဲ့အခါကျတော့ ပြည်သူလူထုက ဒီလမ်းပိုင်းဖြစ်မြောက်ဖို့ အမြဲတမ်းဆန္ဒရှိတဲ့အပြင် လိုလိုလားလားလည်း ဖြစ်နေပါတယ်။ သူတို့မှာလည်း အရမ်းအခက်အခဲဖြစ်နေပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်ကတည်းက အဲဒီလမ်းကိုသွားဖို့ဆိုတာ ဆိုင်ကယ်နဲ့တောင်မှ တော်တော်လေးကို ခက်ခက်ခဲခဲသွားရတဲ့ နေရာတွေဖြစ်ပါတယ်။ နောက်ပိုင်းမှာတင် ၂၀၁၃-၂၀၁၄ ခုနှစ်မှာမှ ၁၀ မိုင် လောက်ကို ကျောက်ချောလို့သာပြောတာပါ အခုတော်တော်လေး ပြန်ပြီးဆိုးဆိုးဝါးဝါးပျက်စီးနေပါပြီ။ ဆိုတဲ့အခါ ကျတော့ ခုနက ဒုတိယဝန်ကြီးပြောသွားတဲ့လုံခြုံရေးအရဆိုတာ တကယ်တမ်းသာ လုံခြုံရေး အရမကောင်းဘူးဆိုရင်တော့ အရင်ကတည်းကလည်း ကျောက်ချောလမ်းက ဖြစ်လာဖို့မရှိပါဘူး။ ကျွန်တော့်အနေနဲ့ အမှန်တကယ်တင်ပြတောင်းဆိုတာက ဒေသခံပြည်သူလူထုက ဒါကိုပဲ တစ်စိုက် မတ်မတ် အမြဲတမ်းတောင်းဆိုနေတာလည်းဖြစ်တဲ့အပြင် နယ်မြေလုံခြုံမှုလည်းရှိတဲ့အတွက်ကြောင့် မို့လို့ တတိယငါးနှစ်စီမံကိန်းဆိုတာ တော်တော်လေး နောက်ဆုတ်သွားတဲ့အနေအထားမျိုးမှာရှိနေတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့ တင်ပြမေးမြန်းလိုတာကတော့ ဒီလာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဝန်ကြီးဌာနအနေနဲ့ ထည့်သွင်းလျာထားပေးနိုင်မှုရှိ/မရှိ ပြည်သူများကိုယ်စား ထပ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ထောက်ပြသွားတာကို လည်း လက်ခံပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကကျတော့ ပထမပိုင်းမှာတင်ပြ သွားသလိုပဲ တစ်နိုင်ငံလုံးအနေအထားနဲ့ ကျွန်တော်တို့လုပ်နေရတာရှိပါတယ်။ လုပ်နေရတဲ့အနေ အထားမှာ လက်ရှိအနေအထားမှာလည်း ကျွန်တော်တို့က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လွှတ်တော်ရဲ့ကတိကဝတ်တွေကလည်း ကျွန်တော်တို့မှာ အများကြီးဖြစ်နေပါတယ်။ ဖြစ်နေတဲ့အတူပဲ ကျွန်တော်တို့ကလည်း ဒီဥစ္စာတွေကို ဘဏ္ဍာငွေရရှိမှုအပေါ်မှာပဲ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘဏ္ဍာငွေရရှိလို့ရှိရင်တော့ ကန့်သတ်တဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မှာတော့ ကျွန်တော်တို့ လျာထားပေးမယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိအနေအထားမှာ လွှတ်တော်ကတိကဝတ်တွေကလည်း ကျွန်တော်တို့ ဆီမှာ အများကြီးဖြစ်နေပါတယ်။ ဒါကြောင့်မို့ ဒီဥစ္စာကို ကျွန်တော်တို့က ငါးနှစ်စီမံကိန်း၊ ငါးနှစ်စီမံကိန်း ဆိုပြီးတော့ ကျွန်တော်ရှင်းလင်းတင်ပြရခြင်းဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါ တယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**စဉ့်ကိုင်-စော်ရဲကျေးလက်လမ်းပေါ်ရှိ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်ကို ဆက်သွယ်ထားသော ပန်းလောင်မြစ်ကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ကြပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ စဉ့်ကိုင်မြို့နယ်၊ စဉ့်ကိုင်-စော်ရဲကျေးလက်လမ်းပေါ်ရှိ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်ကို ဆက်သွယ်ထားသော ပန်းလောင်မြစ်ကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စဉ့်ကိုင်မြို့နယ်၊ စဉ့်ကိုင်-စော်ရဲကျေးလက်လမ်းပေါ်ရှိ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်ကို ဆက်သွယ်ပေးထားတဲ့ ပန်းလောင်မြစ်ကူးတံတားကို ၁၉၉၃ ခုနှစ်က မန္တလေးအပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းအတွက် ဆောက်လုပ်ရေးပစ္စည်းများ သယ်ပို့ရန်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ တံတားရဲ့အရှည်မှာ ပေ ၃၀၀ ခန့်ရှိပြီးတော့ သစ်သားတိုင်၊ သစ်သားကြမ်းခင်း ဘေလီအမျိုးအစား ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒီပန်းလောင်မြစ်ကူးတံတားဟာဆိုရင် စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၀ ကျော်၊ အိမ်ခြေ ၄၀၀၀ ကျော်မှ ကျေးလက်နေပြည်သူများ နေ့စဉ်မှီခိုဖြတ်သန်းအသုံးပြုနေရတဲ့ တံတားတစ်စင်းလည်းဖြစ်ပါတယ်။ ကျွန်မ မဲဆန္ဒနယ်က ပြည်သူတွေဟာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်အသက်မွေးကြတဲ့ တောင်သူလယ်သမားများ ဖြစ်တာနဲ့အညီ ၎င်းတို့ရဲ့သီးနှံထွက်ကုန်များကို လှည်း၊ နွား၊ ထော်လာဂျီများနဲ့ တင်ဆောင်၍ ဒီတံတားကို ဖြတ်သန်းသယ်ယူရောင်းချကြရတာမို့ ဒေသခံတောင်သူများအတွက် အရေးပါလှတဲ့ ကုန်ထုတ်ရာ တံတားတစ်ခုလည်းဖြစ်ပါတယ်။

**မူကြမ်း**

တံတားအနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများနာမကျန်းဖြစ်တဲ့အခါမှာလည်း စဥ့်ကိုင်ဆေးရုံ၊ ကျောက်ဆည်ဆေးရုံများသို့ သွားရောက်ကုသမှုခံယူနိုင်ဖို့အတွက် ဒီတံတားကပဲ ဖြတ်သန်းသွားလာကြရပါတယ်။ တံတားဦးမြို့နယ်အတွင်းရှိ တံတားအနီးအနားကျေးရွာများမှ အခြေခံပညာသင်ယူနေကြတဲ့ ကျောင်းသားကျောင်းသူကလေးများဟာလည်း အနီးဆုံးကျောင်းတွေဖြစ်ကြတဲ့ စဥ့်ကိုင်မြို့နယ်အတွင်းရှိ စော်ရဲ(အ.လ.က)၊ ဟင်ငူ(အ.ထ.က)၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများသို့ လာရောက်ပညာသင်ယူနိုင်ဖို့လို့အတွက် ဒီတံတားကို မဖြစ်မနေဖြတ်သန်းအသုံးပြုနေရတာဖြစ်သလို စဥ့်ကိုင်မြို့နယ်အတွင်းရှိ ကျောက်ဆည်တက္ကသိုလ်သို့ လာရောက်ပညာသင်ယူနေရတဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက်လည်း မရှိမဖြစ် အရေးပါလှတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ အဲဒီလို မြို့နယ်နှစ်မြို့နယ်အတွင်းရှိ ပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် အသုံးဝင်အရေးပါလှတဲ့ ၎င်းတံတားတည်ရှိရာ ကျေးလက်လမ်းမှ ရန်ကုန်-မန္တလေးအမြန်လမ်းနှင့်လည်း ဆက်သွယ်ထားသဖြင့် နေ့စဥ်ဖြတ်သန်းသွားလာသူ များပြားလှပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုအခါ ဒီပန်းလောင်မြစ်ကူးတံတားမှာ နှစ်ပေါင်း ၂၅ နှစ်ကျော် ကြာမြင့်နေပြီဖြစ်ပြီးတော့ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်ပါတယ်။ ဆွေးမြည့်ကျိုးပျက်နေသော အခြေတိုင်များ၊ ကြမ်းခင်းများကို ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများက နှစ်စဥ်တတ်စွမ်းသမျှပြုပြင်နေခဲ့ကြရပါတယ်။ မိုးတွင်းကာလများမှာ ပန်းလောင်မြစ်မှာ ရေစီးသန်၍ မြစ်ရေတက်လေ့ရှိခြင်း၊ မြစ်ကူးတံတားမှာလည်း ဟောင်းနွမ်းပျက်စီးနေခြင်းတို့ကြောင့် နေ့စဥ်ဖြတ်သန်းသွားလာနေကြရသော ပြည်သူများမှာ အန္တရာယ်မကင်းသလို ခံစားနေကြရပါတယ်။ မြစ်ရေကြီးချိန်မှာ သီးနှံတင်ကားများ၊ ထော်လာဂျီများ ဖြတ်သန်းသွားလာချိန်များတွင် တံတားကျိုးကျမြောပါသွားမည့်အရေးကို စိုးရိမ်ပူပန်နေကြပါတယ်။ မလိုလားအပ်တဲ့ လူ့အသက်ဆုံးရှုံးမှုတွေ၊ ပစ္စည်းဆုံးရှုံးမှုတွေ ဖြစ်ပြီးခါမှ ပြုပြင်တည်ဆောက်မည့်အစား မဖြစ်ပွားမီက ကြိုတင်ပြုပြင်ပေးတာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။

သို့ဖြစ်ပါ၍ လက်ရှိတံတားရဲ့အခြေအနေမှာ အမြန်ဆုံးပြုပြင်ထိန်းသိမ်းရန် အမှန်တကယ်လိုအပ်နေခြင်း၊ မလိုလားအပ်သော ဖြစ်ရပ်များမဖြစ်ပေါ်စေရန် ကြိုတင်စီမံဆောင်ရွက်ထားသင့်ပါသဖြင့် စဥ့်ကိုင်မြို့နယ်၊ စဥ့်ကိုင်-စော်ရဲကျေးလက်လမ်းပေါ်ရှိ ပန်းလောင်မြစ်ကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဥ်ရှိ/မရှိနှင့် အစီအစဥ်ရှိပါကမည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင် ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် မေးမြန်းထားတဲ့ စဉ့်ကိုင်မြို့နယ်၊ စဉ့်ကိုင်-စော်ရဲကျေးလက်လမ်းပေါ်မှာရှိတဲ့ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်ကို ဆက်သွယ်ထားတဲ့ ပန်းလောင်မြစ်ကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စဉ့်ကိုင်-စော်ရဲလမ်း အရှည် ၆ မိုင် ၂ ဖာလုံပေါ်မှာတည်ရှိတဲ့ ပန်းလောင်မြစ်ကူးတံတားဟာ အရှည် ၃၀၀ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၃၀ ပေ၊ သစ်သားတိုင် သစ်သားကြမ်းခင်း ဘေလီတံတားအမျိုးအစားဖြစ်ပြီး ၁၉၉၃ ခုနှစ်က တံတားဦးအပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းက တာဝန်ယူတည်ဆောက်ခဲ့ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲနေတဲ့တံတားဖြစ်ပါတယ်။ အဆိုပါတံတားပေါ်မှာ လက်ရှိဖြတ်သန်းသွားလာလျက်ရှိသော ယာဉ်များရဲ့ တန်ချိန်နှင့်တံတားရဲ့ ကြံ့ခိုင်မှုခံနိုင်ဝန်မှာ လိုက်လျောညီထွေမရှိတော့ပါသဖြင့် ကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ရန် လိုအပ်လျက်ရှိတဲ့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းလျာထားတင်ပြသွားမှာ ဖြစ်ပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒလမြို့နယ်ရှိ တံတားအမှတ်(၁/၁၄)သခွပ်မြစ်ကူးတံတားကို တံတားအသစ်တစ်စင်းတည်ဆောက်ပေးရန် သို့မဟုတ် တံတားကြမ်းခင်းများ ထိန်းသိမ်းပြုပြင်ပေးရန်နှင့် တံတားအကျယ်တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒေါက်တာစိန်မြအေး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ကျွန်တော့်မြို့နယ်ထဲမှာ အရေးပါတဲ့တံတားငယ်တစ်စင်းဖြစ်တဲ့ သခွပ်တံတားနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ Power Point မှာ ပြထားတာကတော့ တံတားအမှတ်(၁/၁၄)သခွပ်မြစ်ကူးတံတားရဲ့ တည်နေရာပြမြေပုံဖြစ်ပါတယ်။ တံတားအမှတ်(၁/၁၄)သခွပ်မြစ်ကူးတံတားဟာ အနီအဝိုင်းနဲ့ပြထားပါတယ်။ ဒီတံတားဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ဒလမြို့နယ်မှာ တစ်ခုတည်းသော စီမံအုပ်ချုပ်ခွင့်ရတဲ့ ဒလနှင့် ကော့မှူး-ကွမ်းခြံကုန်း၊ ဒလမြို့နယ်အဆက် ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်း လမ်းပေါ်မှာရှိတဲ့ အဝါရောင်နဲ့ပြထားပါတယ်။ အဲဒီမှာရှိတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ မိုင်တိုင်အမှတ် ၁၃ နှင့် ၁၃ မိုင် ၁ ဖာလုံကြားမှာထဲမှာရှိတဲ့ မြစ်ကူးတံတားလည်းဖြစ်ပါတယ်။ တစ်ဖက်မှာ ဒလမြို့နယ်ရှိပြီးတော့ တစ်ဖက်မှာ ကော့မှူးမြို့နယ်နယ်စပ်ဆက်သွယ်ထားတဲ့တံတားလည်း ဖြစ်ပါတယ်။ ကျိုက်ခနေ့တ်စေတီနဲ့ နီးကပ်စွာတည်ရှိတဲ့ တံတားတစ်စင်းလည်းဖြစ်ပြီးတော့ ကော့မှူး-ကွမ်းခြံကုန်းကနေပြီးတော့ ဆက်ပြီးသွားမယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီးအထိ သွားနိုင်တဲ့ ဝင်ပေါက်၊ ထွက်ပေါက်တံတားလည်းဖြစ်ပါတယ်။ ဒါကတော့ ဒလမြို့ရဲ့သမိုင်းဝင် ဒလမြို့နယ် ကျက်သရေဆောင် ဆံတော်ရှင်ကျိုက်ခနေ့တ်စေတီပဲ ဖြစ်ပါတယ်။ ဒီသခွပ်တံတားကနေတစ်ဆင့် ဒီစေတီကို လာရောက်ဖူးမြော်နိုင်ပါတယ်။ ဒါကြောင့်မို့လည်း ဒီတံတားဟာ ဘာသာရေးယဉ်ကျေးမှုအရ အရေးပါတဲ့တံတားဖြစ်ပါတယ်။ တံတားဟာ ပကတိအခြေအနေအတိုင်း ပြောရမယ်ဆိုလို့ရှိရင် လွန်စွာဟောင်းနွမ်းနေတဲ့အပြင် ကမ်းကပ်ခုံအခြေမကောင်းဘူး။ ကြမ်းခင်းများ ပျက်စီးနေတယ်။ ချဉ်းကပ်လမ်းတာပေါင်ကျဉ်းနေတယ်။ အကာအကွယ်တိုင်များ လိုအပ်နေပါတယ်။ ၂၀၁၆ ခုနှစ်

ဖေဖော်ဝါရီလတုန်းက ခန်းဖွင့်တစ်ခုမှာ အပေါက်များဖြစ်ပေါ်လာခြင်းကြောင့် ပြုပြင်ခဲ့ရပါတယ်။ ၎င်းနှစ် မေလမှာ ကြမ်းခင်းယက်မတွေ အားနည်းကြောင်းထပ်မံစစ်ဆေးတွေ့ရှိပါတယ်။ ဒီနေ့အချိန်မှာတော့ ဒလ-ဓနုတ်လမ်းပိုင်းကို ၁၂ ပေမှ ၁၈ ပေအထိ တိုးချဲ့ထားပြီးဖြစ်တာကြောင့် ယာဉ်အစီးရေဟာလည်း နေ့စဉ်အစီးရေ ၅၀၀ ကျော် ဖြတ်သန်းနေတဲ့လမ်းဖြစ်လာပါတယ်။ လမ်းကောင်းလာတော့ တန်ပိုဝန်လေးယာဉ်များ ပိုမိုဖြတ်သန်းသွားလာလျက်ရှိတဲ့လမ်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုနေ့စဉ်ယာဉ်အစီးရေတိုးတက်များပြားစွာအသုံးပြုနေတာကြောင့် ကြမ်းခင်းအောက် ဆင့်ကာဗာတွေ၊ ကွန်ကရစ်ကာဗာတွေ ပဲ့ကျလာတဲ့အပြင် ကြမ်းခင်းဆက်ကြောင်းတွေ၊ အားဖြည့်သံချောင်းတွေ ကွာလာတယ်။ Joint တွေမှာ ထိပ်ပဲ့အက်ကြောင်းတွေများလာခြင်းကြောင့် အမြင်လှသော်လည်း အန္တရာယ်ရှိတဲ့တံတားတစ်စင်းဖြစ်လာပြီဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြလိုပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေအပြင် တံတားဟာကျဉ်းနေတဲ့အတွက် လမ်းပိတ်ဆို့မှုတွေ၊ ကားလမ်းဘေးချော်ကျတာတွေ အစရှိသည်ဖြင့် ဖြစ်ပေါ်နေကြတဲ့အကြောင်း မဲဆန္ဒရှင်ပြည်သူများမှ လာရောက်တင်ပြကြပါတယ်။ ဒလ-ရန်ကုန်မြစ်ကူးတံတားဟာလည်း ပြီးသွားမယ်ဆိုလို့ရှိရင် ဒီလမ်းပေါ်မှာ ယာဉ်အသွားအလာဟာ ဒီထက်ထူထပ်လာဖို့ပဲ အကြောင်းရှိပါတယ်။ ဒီအကြောင်းတွေကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်ရှိ တံတားအမှတ်(၁/၁၄)သခွပ်မြစ်ကူးတံတားကို တံတားအသစ်တစ်စင်း ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ ဒါမဟုတ်လို့ရှိရင် တံတားကြမ်းခင်းများ ထိန်းသိမ်းပြုပြင်ရန်နှင့် တံတားအကျယ်တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်မှာရှိတဲ့ တံတားအမှတ်(၁/၁၄)သခွပ်မြစ်ကူးတံတားကို တံတားအသစ်တစ်စင်းထိုးပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သို့မဟုတ် တံတားကြမ်းခင်းများထိန်းသိမ်း ပြုပြင်ပေးရန်

နှင့် တံတားအကျယ်တိုးချဲ့ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်ရှိ ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်း မိုင်တိုင်အမှတ်(၁၃/၀)မှ (၁၃/၁)ကြားမှာတည်ရှိတဲ့ တံတားအမှတ်(၁/၁၄)သခွပ်တံတားက ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းပေါ်မှာတည်ရှိတဲ့တံတား ဖြစ်ပါတယ်။ အဆိုပါတံတားကို ၁၅-၉-၁၉၉၁ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၂၇-၃-၁၉၉၃ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့တာဖြစ်လို့ သက်တမ်းအားဖြင့် ၂၅ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ တံတားအမျိုးအစားက သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အရှည် ၄၉၆ ပေ၊ အကျယ် ၁၇ ပေ ဖြစ်ပါတယ်။ တစ်နေ့တာယာဉ်သွားလာနှုန်းမှာ ယခုလက်ရှိ AADT ပျမ်းမျှ ၆၄၄ စီးခန့်ဖြစ်ပြီး လက်ရှိခွင့်ပြုတန်ချိန်ကတော့ ယာဉ်+ကုန် ၁၀ တန် ဖြစ်ပါတယ်။ ၎င်းတံတားက Expansion Joint များပြုပြင်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသည့်ကြမ်းခင်းများကို ခွဲထုတ်ပြုပြင်ခြင်း၊ သံချောင်းပေါ်နေတဲ့ ကြမ်းခင်းများပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၁၃.၇၉ သန်းဖြင့် P2 မှ P8 အထိ အရည်အသွေးမပြည့်မီတော့တဲ့ကြမ်းခင်းများခွဲထုတ်ပြီး အသစ်လဲလှယ် အစားထိုးပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သခွပ်တံတားအား အသစ်တည်ဆောက်ပေးနိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မူလရန်ပုံငွေမှာ ထည့်သွင်းလျာထားတင်ပြတောင်းခံခဲ့ပါသော်လည်း ရန်ပုံငွေခွဲဝေရရှိမှုမရရှိခဲ့ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထပ်မံတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ကွန်ကရစ်တံတားအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများအား နှစ်စဉ်ဖောက်လုပ်ဆောင်ရွက်နေသော အကွာအဝေးမိုင်များထက်ပိုမိုဖောက်လုပ်ပေးရန်နှင့် ယခင်ဖောက်လုပ်ပြီးအသုံးမပြုနိုင်ဘဲ ပျက်စီးနေသော ကျေးလက်လမ်းများအား အသုံးပြုနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများအား နှစ်စဉ်ဖောက်လုပ်ဆောင်ရွက်နေသော အကွာအဝေးမိုင်များထက် ပိုမိုဖောက်လုပ်ပေးရန်၊ ယခင်ဖောက်လုပ်ပြီးအသုံးမပြုနိုင်ဘဲ ပျက်စီးနေသော ကျေးလက်လမ်းများအား အသုံးပြုနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ ချင်းပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးအခြေအနေဖြစ်ပါတယ်ခင်ဗျား။ ဒါကလည်း ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာတစ်ရွာနှင့်တစ်ရွာဆက်သွယ်ထားတဲ့ကျေးလက်လမ်းအခြေအနေ ဖြစ်ပါတယ်။ ဒါကလည်း ချင်းပြည်နယ်အတွင်းမှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေးအခြေအနေလေးတွေ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှာရှိတဲ့ ကျေးရွာတစ်ရွာမှာ လူနာများကို ဆေးရုံပို့ဖို့ရာအတွက် ခက်ခက်ခဲခဲသယ်ယူပြီးတော့ ဒီလူနာဟာဆိုရင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ကို သွားရောက်ပို့ဆောင်ရမယ့်လူနာဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်အတွင်းမှာရှိတဲ့ ဖောက်လုပ်ပြီးလမ်းများဟာ နှစ်စဉ်မိုးတွင်းမှာ အဲဒီလိုမြေပြိုပိတ်ဆို့မှုများဖြစ်ပြီးတော့ သွားလာရန် ခက်ခဲတဲ့ကျေးရွာရှိ လူငယ်လူရွယ်များက အသိစိတ်ဓာတ်နှင့်အခုလို လာရောက်ဝိုင်းဝန်းကူညီလုပ်ကိုင်နေခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒါကလည်း ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်အတွင်းမှာရှိတဲ့ မင်းတပ်နှင့် မကွီအိမ်နူးမြို့ကို ဆက်သွယ်ထားတဲ့လမ်းဖြစ်ပါတယ်။ အဲဒါက မိုးတွင်းကတည်းက ပိတ်နေတဲ့လမ်းဖြစ်ပါတယ်။ ကားလမ်းကြီးဖြစ်ပါတယ်။ သို့သော် ကျေးရွာရှိပြည်သူတွေဟာ ဒါရောဆိုနှစ်ကြိမ်ရှင်းပြီးပါပြီ။ ပထမမိုးတွင်းကာလ ပြည်သူတွေဟာသွားလာရေးအတွက် ရှင်းလင်းတာဖြစ်ပြီး အဲဒီရှင်းလင်းတဲ့

ရှင်းလင်းမှုအပြန်မှာပဲ အဲဒီကျေးရွာသားတစ်ယောက်ဟာ လမ်းခရီးမှာပဲ ဆုံးရှုံးသွားရပါတယ်။ ဒါဟာ ဒုတိယအကြိမ် ပြန်လည်ပြုပြင်ပြင်ဆင်နေခြင်းအခြေအနေ ဖြစ်ပါတယ်။ ဒီနေ့အထိ ပြန်လည်ပြင်ဆင်ပေးခြင်းလည်းမရှိသေးပါဘူး။ ဒါကတော့ Social Media တစ်ခုကနေ အစိုးရမှ ပြုပြင်ခြင်းမရှိသဖြင့် မင်းတပ်-မကွီးအိမ်နူးလမ်းပေါ်ရှိ ရှစ်ကျေးရွာနှင့် တီလီကျေးရွာကြားမြေအကြီးစားပြိုကျမှုဟာ ပြည်သူများမှ ကိုယ်ထူကိုယ်ထလုပ်နေရတယ်ဆိုပြီးတော့ ဒီလိုတင်ပြမှုလည်းရှိပါတယ်။ ဒီလမ်းလည်း အခုထိ မရှင်းရသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ မဟာဗျူဟာရည်မှန်းချက်အရ ၂၀၃၀ ခုနှစ်၌ မြန်မာနိုင်ငံရှိကျေးရွာအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းနဲ့ နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုစေရန်ဆိုတဲ့ မဟာဗျူဟာရည်မှန်းချက်အောင်မြင်ဖို့ဆိုရင် ဒီထက်မကကျေးလက်လမ်းတွေ ပိုမိုဖောက်လုပ်ဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကျေးလက်လမ်းမိုင်ပေါင်း ဖြစ်ပါတယ်။ ၄၇၇၀ မိုင် ရှိပါတယ်။ ဒါ ရာသီမရွေးသွားလာနိုင်တဲ့လမ်းကတော့ ၅ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ၂၀၃၀ ခုနှစ်မှာ ကျေးလက်လမ်းမဟာဗျူဟာအောင်မြင်ဖို့ဆိုရင် တစ်နှစ်မှာ ချင်းပြည်နယ်အတွင်းမှာ ရှိတဲ့ကျေးလက်လမ်းမိုင်ပေါင်း ၃၆၇ မိုင်ခန့်အဆင့်မြှင့်တင်ဆောင်ရွက်မှသာ ဒီမဟာဗျူဟာအောင်မြင်မှာဖြစ်ပါတယ်။ ဒါကတော့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ခရိုင်အလိုက် ဟားခါး၊ ဖလမ်း၊ မင်းတပ်ခရိုင်ရဲ့မိုင်တိုင်အကွာအဝေးရှိပါတယ်။ ဟားခါးမှာ ၁၀၀၀၊ ဖလမ်းမှာ ၁၀၀၀ ကျော်၊ မင်းတပ်မှာ ၂၀၀၀ ကျော်ရှိပါတယ်။ ဒါကလည်း ဒီလိုပဲရန်ပုံငွေခွဲဝေချထားတဲ့ဟာလေးဖြစ်ပါတယ်။ အဲဒီလိုပါပဲ ဒီနေရာမှာ ကြည့်မယ်ဆိုရင် ဖလမ်းခရိုင်ရဲ့မိုင်ဟာ ၁၄၃၅ သာရှိပါတယ်။ မင်းတပ်ခရိုင်ရဲ့မိုင်ဟာ ၂၃၀၀ ရှိတယ်။ ဒါပေမဲ့ဘတ်ဂျက်လျာထားဆောင်ရွက်တဲ့နေရမှာ ၁၀၀၀ ကျော်ရှိတဲ့နေရာကို ကျပ်သန်းပေါင်း ၃၀၀၀ ကျော်ရှိပြီးတော့ မင်းတပ်ခရိုင်ထဲမှာ ကျပ်သန်းပေါင်း ၁၄၀၀ လောက်လျာထားတယ်ဆိုတော့ ဒီပြဿနာတွေဟာ ပြည်သူတွေက ကျွန်တော်တို့ကို အမြဲတမ်းမေးပါတယ်။ ဘာဖြစ်လို့လဲ။ ခင်ဗျားတို့ ကိုယ်စားလှယ်တွေက မတင်ပြလို့လား။ ဘာလုပ်နေတာလဲ စသည်ဖြင့် ကျွန်တော်တို့က တင်ပြပါတယ်။ အားလုံးမျှတပါတယ် စသည်ဖြင့် ဒီလိုဖြေရှင်းရတဲ့အကြိမ်ပေါင်းလည်း မနည်းပါဘူး။ ဒါကြောင့်မို့လို့ မမျှတခြင်းရဲ့နောက်ကွယ်မှာ ဘာတွေဖြစ်သလဲ။ မမျှတရင် မညီညွတ်ဘူး။ မညီညွတ်ခြင်းရဲ့ နောက်ကွယ်မှာ မယုံကြည်နိုင်ဘူး။ မယုံကြည်ခြင်းရဲ့နောက်ကွယ်မှာ မငြိမ်းချမ်းတော့ဘူး။ အဲဒီ မငြိမ်းချမ်းခြင်းရဲ့နောက်ကွယ်တွေဟာ တိုင်းပြည်တိုးတက်ရာတိုးတက်လမ်းအတွက် အဟန့်အတားတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ချိန်ခွင်လျှာ

တစ်ဖက်စောင်းနင်းမဖြစ်ဘဲနဲ့ မျှမျှတတနဲ့ပြည်သူတွေက ဆောင်ရွက်စေချင်တဲ့ဆန္ဒလေးလည်း ရှိပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်ရဲ့ဒေသမှာ ဒီလိုလမ်းတွေ ဖြစ်သည့်အတွက် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်က မေးမြန်းထားတဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်အတွင်းရှိတဲ့ ကျေးလက်လမ်းများအား နှစ်စဉ်ဖောက်လုပ်ဆောင်ရွက်နေသော အကွာအဝေးမိုင်များထက် ပိုမိုဖောက်လုပ်ပေးရန်နှင့် ယခင်ဖောက်လုပ်ပြီး အသုံးမပြုဘဲ ပျက်စီးနေသော ကျေးလက်လမ်းများအား အသုံးပြုနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အတွင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ ကျေးလက်လမ်း စုစုပေါင်း ၄၇၇၀ မိုင်ခန့်ရှိသည့်အနက် ကတ္တရာလမ်းက ၂၄ မိုင်၊ ကွန်ကရစ်လမ်း ၃ ဖာလုံ၊ ကျောက်လမ်း ၅၈ မိုင်၊ မြေသားလမ်း ၄၆၈၉ မိုင်တို့အား ဘဏ္ဍာရေးနှစ်အလိုက်ရန်ပုံငွေတင်ပြတောင်းခံပြီး လမ်းသစ်ဖောက်လုပ်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ လမ်းသစ်ဖောက်လုပ်ခြင်း ၁၅ မိုင်၊ လမ်းတာချဲ့ခြင်း ၆ မိုင်အားလည်းကောင်း၊ ဖြည့်စွက်ရန်ပုံငွေနဲ့ လမ်းတာချဲ့ခြင်း ၁၂ မိုင်၊ တံတားလေးစင်း ပြုပြင်တည်ဆောက်ခြင်းအားလည်းကောင်း၊ မွမ်းမံရန်ပုံငွေဖြင့် ၉ မိုင်အား ပြုပြင်ထိန်းသိမ်းခြင်း၊ ရေပြွန်သုံးစင်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအားလည်းကောင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်းမျက်နှာပြင် ပြုပြင်ခြင်းလုပ်ငန်း၊ တောင်ပြိုမြေဖယ်ရှားခြင်းလုပ်ငန်း ၃၅ မိုင်၊ ရေပြွန်သုံးစင်းပြုပြင်တည်ဆောက်ခြင်း၊ တံတားတစ်စင်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့အားလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် လမ်းတာချဲ့ခြင်း ၂ မိုင် ၂ ဖာလုံအား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပထမခြောက်လ ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျောက်ခင်းခြင်း ၆ မိုင်၊ လမ်းတာချဲ့ခြင်း ၁၀ မိုင်၊ ဆွေးမြေ့ပျက်စီးနေတဲ့ တံတားငါးစင်းအား အသစ်ပြန်လည်တည်ဆောက်ခြင်း၊ ရေပြွန်လေးစင်းပြုပြင်တည်ဆောက်ခြင်း၊ မြေသားလမ်းပျက်စီးနေမှုများအား ပြုပြင်ခြင်းနှင့် တောင်ပြိုမြေဖယ်ရှားခြင်း ၁၁ မိုင်တို့အား ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေနှစ်ရပ်လုံးဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်ခင်းခြင်း ၃၅ မိုင်၊ ကတ္တရာခင်းခြင်းတစ်မိုင်၊ လမ်းသစ်ဖောက်လုပ်ခြင်း ၁၈ မိုင်၊ လမ်းတာချဲ့ခြင်း ၅၇ မိုင်၊ တံတား ၄၁ စင်းတို့ကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကတ္တရာလမ်း ၄ မိုင်၊ လမ်းသစ်ဖောက်လုပ်ခြင်း ၇၈ မိုင်၊ လမ်းတာချဲ့ခြင်း ၈၉ မိုင်နှင့် တံတားလေးစင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ကျေးလက်လမ်း/တံတားများအား ပြုပြင်တည်ဆောက်ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပြည်ထောင်စုရန်ပုံငွေဖြင့်သာ ဆောင်ရွက်ခဲ့ရသော်လည်း အခုအချိန်မှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတို့မှာ တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါသဖြင့် ချင်းပြည်နယ်အတွင်းတွင် ကျေးလက်လမ်း/တံတားများ အသစ်ဖောက်လုပ်တည်ဆောက်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မိုင်းပျဉ်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စု၊ နားညောင်ကျေးရွာသို့ ဆက်သွယ်ထားသော တံတားသည် နမ့်ပိန်းချောင်း ရေကြီးမှုကြောင့် တိမ်းစောင်းသွား၍ အဆိုပါတံတားအား ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာနဲ့ ပိုင်ဆိုင်ခံစား၊ စံစားနိုင်ကြပါစေ။ ဘေးအန္တရာယ်ကင်းရှင်းပြီးတော့ လိုရာဆန္ဒတွေ ပြည့်ဝခံစား၊ စံစား

နိုင်ပါစေလို့ ကျွန်တော့်အနေနဲ့ ပဏာမဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ဒေသမှာရှိတဲ့ တံတားတစ်စင်းကို တောင်ကျချောင်းရေက တိုက်စားတဲ့အတွက်ကြောင့် ပြန်လည်ပြုပြင်ပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးခွန်းအဖြစ် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်မှာ ယမ်းခမ်းကျေးရွာအုပ်စုဆိုတာ ရှိပါတယ်။ အဲဒီအုပ်စုမှာ ရှမ်းတိုင်းရင်းသားလူမျိုးများ အများဆုံးနေထိုင်ကြပြီးတော့မှ ပလောင်တိုင်းရင်းသားလူမျိုး၊ လားဟူတိုင်းရင်းသားလူမျိုးနဲ့ လွယ်၊ လ၊ ဝ စတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိပါတယ်။ အေးချမ်းတည်ငြိမ်စွာနဲ့ မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းရပ်များကို ဆောင်ရွက်ပြီးတော့မှ အသက်မွေးဝမ်းကျောင်းပြုတဲ့ ကျေးရွာအုပ်စုဖြစ်ပါတယ်။ အဲဒီအုပ်စုမှာ ရေပတ်လည်ဝိုင်းပြီးတော့မှ ညီညာပြန့်ပြူးတဲ့ နားညောင်ကျေးရွာဆိုတဲ့ ရှမ်းတိုင်းရင်းသားလူမျိုးများနေထိုင်တဲ့ ကျေးရွာတစ်ရွာ ရှိပါတယ်။ အဲဒီကျေးရွာဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းအတွက်ဆိုပြီးတော့မှ ကျွန်တော်တို့ရဲ့ လွှတ်တော်တင်ပြချက်နဲ့အတူ နိုင်ငံတော်အစိုးရရဲ့စီစဉ်ဆောင်ရွက်ပေးမှုနဲ့ သံကူကွန်ကရစ်အောက်ခြေ တိုင်နဲ့ အပေါ်မှာ သစ်သားခင်းကျင်းထားတဲ့ တံတားတစ်စင်းကို ဆောက်လုပ်ပေးခဲ့ပါတယ်။ ဒါကတော့ ၂၀၁၅-၂၀၁၆ ခုနှစ်ဝန်းကျင်လောက် ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီတံတားက ၂၀၁၈ ခုနှစ် ဩဂုတ်လပိုင်းမှာ နမ့်ပိန်းချောင်းရေဟာ အဆက်မပြတ် တောင်ကျချောင်းရေနဲ့အတူ မိုးအဆက်မပြတ်ရွာတဲ့အတွက်ကြောင့် တံတားရဲ့တိုင်အောက်ခြေကို တိုက်စားပြီး တံတားဟာ ပြိုကျပျက်စီးလုအခြေအနေကို တွေ့မြင်ရမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ အလယ်တိုင်က နိမ့်ဆင်းပြီးတော့မှ ပြိုကျပျက်စီးတော့မယ့်အနေအထား ဖြစ်ပါတယ်။ ဒါကြမ်းခင်းမှာ ကြမ်းခင်းအကာတွေလည်း လဲပြိုပြီးတော့မှ မကြာခင်ပြိုကျပြီး အန္တရာယ်ရှိတဲ့လမ်းအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါက မြင့်တဲ့နေရာမြင့်၊ နိမ့်တဲ့နေရာနိမ့်ဆိုတဲ့နေရာမျိုးမှာ ယာဉ်သွားယာဉ်လာနဲ့ လမ်းသွားလမ်းလာများ သွားလာတဲ့အခါမှာ အန္တရာယ်ဖြစ်ပေါ်နေတဲ့အနေအထားကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလို မညီမညာနဲ့ ကျွန်တော်တို့ သွားတဲ့အခါကျတော့ တံတားကပြိုကျပြီးတော့မှ လမ်းသွားလမ်းလာတွေအတွက် အန္တရာယ်နဲ့ ဘေးအန္တရာယ်ဆိုတာ ပြောလို့မရတဲ့အခါကျတော့ ဒါကို အမြန်ဆုံးပြုပြင်ဖို့လိုတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တင်ပြလိုပါတယ်။ နိဂုံးချုပ်အားဖြင့် ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့ဒေသမှာရှိနေတဲ့ ဒီ နားညောင်တံတားကို မည်သည့်

ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမယ်။ အကယ်၍ ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်လည်း မည်သည့် အချိန်မှာဆောင်ရွက်ပေးမယ်။ ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘူးဆိုလို့ရှိရင် အဘယ့်ကြောင့်၊ ဘယ်လို အခြေအနေမျိုးဖြစ်တယ်ဆိုတာကို ကျွန်တော် ရှင်းလင်းစွာ၊ တိကျစွာသိရှိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးခွန်းအဖြစ် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်မှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စု၊ နားညောင်းကျေးရွာသို့ ကူးလူးဆက်သွယ်ထားတဲ့တံတားဟာ နမ့်ပိန်းချောင်းရေကြီးမှုကြောင့် တိမ်းစောင်းသွားပြီး ဆက်သွယ်သွားလာမှုခက်ခဲတဲ့ အခြေအနေအရ အဆိုပါတံတားအား ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ မိုင်းပျဉ်း-မိုင်းဆတ်လမ်းမှတစ်ဆင့် ယမ်းခမ်းကျေးရွာအုပ်စု၊ နားညောင်ကျေးရွာသို့ ဆက်သွယ်ထားသော လမ်းပေါ်မှာရှိတဲ့ နမ့်ပိန်းချောင်းကူးတံတားဟာ အရှည် ပေ ၉၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေ၊ ကျောက်စီကမ်းကပ်ခုံ၊ သံပေါင်ယက်မ၊ သံပေါင်ကြမ်းခင်း တံတားအမျိုးအစားဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် နေ့မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားရဲ့ ရေလည်တိုင်အမှတ်(၂)နှင့် အမှတ်(၃)တို့မှာ ကျွံဝင်နိမ့်ကျခြင်းဖြစ်ပေါ်ခဲ့ပြီး ကျန်ရှိတဲ့ရေလည်တိုင်နှစ်တိုင်နှင့် ကမ်းကပ်ခုံနှစ်ဖက်တို့မှာ အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့သဖြင့် တံတားအသစ်တည်ဆောက်ရန် လိုအပ်လျက်ရှိပါတယ်။ အဆိုပါ နမ့်ပိန်းချောင်းကူးတံတားအား လတ်တလောမှာ သွားလာမှုအဆင်ပြေစေရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းနှင့် သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုပေါ်

မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု တပ်ဦး-ကျောင်းကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူးသစ်သားတံတား(၁၄၆ x ၁၂ x ၂၃)ပေအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စု တပ်ဦး-ကျောင်းကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူးသစ်သားတံတား အရှည် ၁၄၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၂၃ပေတံတားနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စုအတွင်းရှိ တပ်ဦး-ကျောင်းကုန်း-ထုံးဖို-အောင်သာ-နန်းလင်း-လှည်းတိုးကျေးရွာချင်းဆက်မြေသားလမ်းပေါ်တွင် တည်ဆောက်ထားသော တပ်ဦး-ကျောင်းကုန်-ဇော်ဂျီချောင်းကူးသစ်သားတံတားသည် ၂၀၀၅ ခုနှစ်က ကျေးရွာပြည်သူများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သောတံတားဖြစ်ပါတယ်။ ၎င်းတံတားကိုအသုံးပြု၍ ကျေးရွာခြောက်ရွာမှ၊ အိမ်ထောင်စု ၄၉၇ စု၊ လူဦးရေ ၃၄၆၈ ဦး နေထိုင်လျက်ရှိပါတယ်။ ကျေးရွာများမှ ပြည်သူများက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ကိုမြေဧက ၃၂၈၀ ဧကပေါ်တွင် စပါး၊ ပြောင်း၊ မြေပဲ၊ သရက်များ စိုက်ပျိုးလုပ်ကိုင်ထုတ်လုပ်လျက်ရှိပါတယ်။ ၎င်းအပြင် နေ့စဉ်တပ်ဦးကျေးရွာအထက်တန်းကျောင်းသို့ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၅၃ ဦး နေ့စဉ်ဖြတ်သန်းသွားလာနေရခြင်းနှင့် ပြည်သူလူထု၏စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် မရှိမဖြစ်လိုအပ်သော ဒေသအတွက် အကျိုးပြုသောတံတားတစ်စင်းဖြစ်ပါတယ်။ အဆိုပါတံတားသည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် မိုးများ၍ ဇော်ဂျီချောင်းရေကြီးခဲ့ရာ တံတားအောက်ခြေထောင့်တိုင်များပျက်စီးပြီး တံတားကြမ်းခင်းနှင့် တံတား

အောက်ယက်မသစ်ချောင်းများ ရေနစ်မျောပါခဲ့ပါတယ်။ ဇော်ဂျီချောင်းအရှေ့ဘက်တွင်ရှိသည့် ကျေးရွာများမှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်ပို့ဆောင်ရေး၊ သွားလာရေးအတွက် ဆက်သွယ်မှုများ မပျက်တောက်စေရန် ကျေးရွာရပ်မိရပ်ဖပြည်သူများ ပူးပေါင်း၍ အမြန်ဆုံးပြန်လည် ပြုပြင်တည်ဆောက်ခဲ့ကြပါတယ်။ သို့သော်လည်း ဒေသခံရပ်မိရပ်ဖပြည်သူများ၏ တင်ပြဆွေးနွေးချက် များအရ သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်း စစ်ဆေးရာတွင် တံတား၏အောက်ခြေ သစ်သားထောင့်တိုင်များ ခိုင်ခံ့မှုမရှိနိုင်ခြင်း၊ ရာသီဥတုအခြေ အနေ ရေတိုက်စားမှုများကြောင့် မကြာသောကာလများတွင် ထပ်မံပျက်စီးသွားနိုင်ပြီး အန္တရာယ်ရှိ တံတားအဖြစ် ရောက်ရှိသွားနိုင်ပါတယ်။ ဤကဲ့သို့ နှစ်စဉ်နှစ်တိုင်းအကြိမ်ကြိမ်ပျက်စီးခြင်း၊ အကြိမ် ကြိမ်ပြုပြင်သွားလာနေရခြင်းသည် ဒေသခံပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာပြီး လူမှုစီးပွားရေး ဘဝများ ပိုမိုထိခိုက်လာနိုင်ပါတယ်။ ဒေသခံပြည်သူများမှလည်း နှစ်စဉ်ကြုံတွေ့နေရသော လမ်းပန်း ဆက်သွယ်ရေးအခက်အခဲများအတွက် ဇော်ဂျီချောင်းကူးတံတားအသစ် ဆောင်ရွက်ပေးရန်အတွက် လိုလားတောင့်တလျက်ရှိပြီး ဆောက်လုပ်ဆောင်ရွက်ပေးရန်လည်း လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု တပ်ဦး-ကျောင်းကုန်း-ထုံးဖို-အောင်သာ-နန်းလင်း-လှည်းတိုး ကျေးရွာချင်းဆက်လမ်းပေါ်တွင်ရှိသော တပ်ဦး-ကျောင်းကုန်း-ဇော်ဂျီချောင်းကူးသစ်သား တံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ ဒေသခံရပ်မိရပ်ဖ ပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်က မေးမြန်းထားတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စု တပ်ဦး-ကျောင်းကုန်းကျေးရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ ဇော်ဂျီ ချောင်းကူးသစ်သားတံတား အရှည် ၁၄၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၂၃ ပေအား သံကူကွန်ကရစ်

တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်အတွင်းမှာရှိတဲ့ ပါမဲကျေးရွာအုပ်စု၊ တပ်ဦး-ကျောင်းကုန်း-ဆူးပုတ်ကုန်းလမ်းပေါ်မှာတည်ရှိတဲ့ ဇော်ဂျီချောင်းကူး ကျောင်းကုန်းတံတားဟာ အရှည် ၁၃၀ ပေ၊ အကျယ် ၁၂ ပေရှိတဲ့ သစ်သားတံတားအမျိုးအစားဖြစ်ပြီး ၂၀၀၅ ခုနှစ်မှာ ဒေသခံပြည်သူလူထုမှ ကိုယ်ထူကိုယ်တည်ဆောက်ထားတဲ့ တံတားဖြစ်ပါတယ်။

အဆိုပါတံတားအား လက်ရှိအခြေအနေမှာ အဆင့်မြှင့်တင်တည်ဆောက်ရန် လိုအပ်လျက်ရှိပါ သဖြင့် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးပါက တပ်ဦးကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ဆူးပုတ်ကုန်းကျေးရွာ၊ ထုံးဖိုကျေးရွာ၊ အောင်သာကျေးရွာနှင့် နန်းလင်းကျေးရွာ တို့က အိမ်ခြေ ၅၀၀ ခန့်နှင့် လူဦးရေ ၂၅၀၀ ခန့်တို့အား လမ်းပန်းဆက်သွယ်ရေးအတွက် တိုက်ရိုက် အကျိုးပြုမှာဖြစ်ပါတယ်။ ဇော်ဂျီချောင်းကူးကျောင်းကုန်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံး ငွေရင်းရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံသွားမှာဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည် ဖော်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်က ပြည်သူ့ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် Project Proposals(စီမံကိန်းအဆိုပြုလွှာ)များအား ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များအားလည်းကောင်း တင်ပြတောင်းခံရာတွင် တည်ဆောက်မည့်လုပ်ငန်းတိုင်းအတွက် Feasibility Study Report, Design, Drawing, Estimate, B.Q များ ပူးတွဲတင်ပြတောင်းခံပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်က အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဦးသန်းစိုးအောင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းစိုးအောင်(ပျဉ်းမနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် ဖြစ်ပါတယ်။ ဒီနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ပြည်သူ့ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးစီမံကိန်းများ ဆောင်ရွက်ရန် Project Proposals(စီမံကိန်းအဆိုပြုလွှာ)များအား ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များအားလည်းကောင်း တင်ပြတောင်းခံရာတွင် တည်ဆောက်မည့်လုပ်ငန်းတိုင်းအတွက် Feasibility Study Report, Design, Drawing, Estimate, B.Q များ ပူးတွဲတင်ပြတောင်းခံပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းသွားမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်မှာ တိုင်းပြည်ဘဏ္ဍာငွေများ လေလွင့်မှုနည်းပြီး တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ရန်၊ အစိုးရတည်ဆောက်ရေးစီမံကိန်းများ စနစ်တကျဖြင့် တာဝန်ယူခြင်း၊ တာဝန်ခံခြင်းရှိရန်၊ ပြည်ထောင်စုလွှတ်တော်၏ ဘတ်ဂျက်စိစစ်ခြင်းလုပ်ငန်း တိကျစွာ ဆောင်ရွက်နိုင်ရန်၊ ရှင်းလင်းချက်အနေဖြင့် ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်

စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အကျင့်ပျက်ခြစားမှုများ မရှိနိုင်ရန်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များဖြင့် တိကျစွာဆောင်ရွက်နေသည့်အတွက် လေလွင့်မှုနည်းပါးပြီး ထိထိရောက်ရောက်အကျိုးရှိသည်ကို တွေ့ရပါတယ်။ လွှတ်တော်အပိုင်းမှလည်း တင်ဒါလုပ်ထုံးလုပ်နည်းအဆို၊ အရည်အသွေးစိစစ်နိုင်ရန်အတွက် Third Party အဆိုတို့ကိုတင်သွင်းကာ တစ်နိုင်ငံလုံး၏တည်ဆောက်ရေးလုပ်ငန်းများတွင် အဂတိများ၊ လက်သင့်ရာစားတော်ခေါ်မှုများ နည်းနိုင်သရွေ့နည်းရန် ဝိုင်းဝန်းထိန်းညှိစောင့်ကြည့်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးမှလည်း ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုမရှိရန် တိတိကျကျဆောင်ရွက်သွားမည်ဟု သမ္မတသစ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည့်အတိုင်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့နေရပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှလည်း သမ္မတရုံး၏(၁/၂၀၁၇)တင်ဒါလုပ်ငန်းများ လိုက်နာကျင့်သုံးရန်လမ်းညွှန်မှုအတိုင်းဆောင်ရွက်နေခြင်း၊ Third Party အဖွဲ့များ၊ QC အဖွဲ့များဖြင့် တိတိကျကျဆောင်ရွက်နေသည်ကို တွေ့ရပါတယ်။ ထိုသို့ အဘက်ဘက်မှ တိုင်းပြည်ဘဏ္ဍာငွေများ လေလွင့်မှုမရှိရန်၊ လာဘ်ပေးလာဘ်ယူမှုများမရှိရန် ဝိုင်းဝန်းစောင့်ရှောက်ကြသည့်အတွက် လုပ်ငန်းတော်တော်များများဟာ ထိထိရောက်ရောက်အကျိုးရှိသည်ကို တွေ့ရတဲ့အတွက် အားရကျေနပ်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ဆောင်ရွက်နေပေမဲ့လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ငွေလုံးငွေရင်းဖြင့်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်အား တင်ပြစဉ်တွင် လုပ်ငန်းတစ်ခုချင်းအား ပြည့်ပြည့်စုံစုံတင်ပြခြင်း မရှိကြပါ။ လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဆည်၊ တမံစသောလုပ်ငန်းများ တည်ဆောက်မယ်။ ဘယ်လောက်အတိုင်းအတာ၊ ကုန်ကျငွေဘယ်လောက်ဟုသာ တင်ပြတောင်းခံလျက်ရှိပါတယ်။ တည်ဆောက်မယ့်လုပ်ငန်းများရဲ့ Design၊ ခန့်မှန်းကုန်ကျငွေအသေးစိတ်တွက်ချက်မှုနဲ့ လုပ်ငန်း၏ BQ များကို တိတိကျကျတင်ပြခြင်းမရှိပါ။ သက်ဆိုင်ရာဘတ်ဂျက်စိစစ်ရသော ပူးပေါင်းအဖွဲ့များမှလည်း ပြည့်ပြည့်စုံစုံတင်ပြလာမှုမရှိတဲ့လုပ်ငန်းများကို လေ့လာတွေးဆကာ စိစစ်ခွင့်ပြုခဲ့ကြရပါတယ်။ ထိုသို့ စိစစ်ခွင့်ပြုလိုက်သော ငွေပဏာမအတိုင်း ဌာနများသည် မူလလုပ်ငန်းအား ကျုံ့ပြစ်ခြင်း၊ သေးပြစ်ခြင်း၊ ပုံစံပြောင်းလဲဆောင်ရွက်ခြင်းများကို မြေပြင်တွင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။ တကယ်ဖြစ်သင့်သည်မှာ Plan to Budget ဖြစ်ရမယ့်အစား ပြည်ထောင်စုလွှတ်တော်မှ စိစစ်ဖြတ်တောက်လိုက်တဲ့ ငွေပဏာမကိုကြည့်ပြီး Budget to Plan ဖြစ်နေတာ တွေ့ရပါတယ်။ ပြည်ထောင်စုလွှတ်တော်သည် အစိုးရအဖွဲ့မှ

တင်သွင်းသောလုပ်ငန်းများအား ပြုပြင်ပြောင်းလဲရန် စိစစ်ခြင်းမဟုတ်ဘဲ ထိုစီမံကိန်းအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ခွင့်ပြုငွေအား စိစစ်ခြင်းသာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စနစ်တစ်ခုကိုပြင်မယ်ဆိုရင် အပေါ်ယံလေး၊ နောက်ဆုံးပိုင်းလေးတွေ ပြင်လို့မရပါဘူး။ လုပ်ငန်းတစ်ခုလုံး၏ မူလအစမှ စတင်ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဘတ်ဂျက်စနစ် စနစ်တကျဖြစ်ရန်အတွက် လွှတ်တော်အသီးသီးနဲ့ အစိုးရအသီးသီးတို့ အကောင်အထည်ဖော်မယ့်စီမံကိန်းများအားလုံးအတွက် တင်ပြရမယ့်လုပ်ငန်းစဉ်အဆင့်ဆင့်မှာတော့ Feasibility Study Report စီမံကိန်းဖြစ်မြောက်နိုင်ခြေ ကွင်းဆင်းလေ့လာချက်ဖြစ်ပါတယ်။ စီမံကိန်းဆောင်ရွက်တော့မယ်ဆိုရင် စာရွက်ပေါ်တွင် ရေးဆွဲခြင်းမပြုရန်နှင့် တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းလေ့လာရမှာဖြစ်ပါတယ်။ ထိုကွင်းဆင်းလေ့လာခြင်းတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်းတွေ့ဆုံကာ ဒေသအခြေအနေနှင့် မြေပြင်၏ပကတိအနေအထားများအား ဆွေးနွေးတိုင်ပင်ရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ တည်ဆောက်ရေးစီမံကိန်းအတွက် မြေနေရာရရှိမှုအနေအထား၊ မြေယာလျော်ကြေးကိစ္စ၊ စီမံကိန်းကြောင့် ဖြစ်ပေါ်လာမယ့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနေအထားများ မည်သို့ဆောင်ရွက်မည်ကို လေ့လာထားကြောင်းအစီရင်ခံစာဖြစ်ပါတယ်။ ဆောင်ရွက်မယ့်လုပ်ငန်းက Design ရှိဖို့လိုပါတယ်။ ဆည်တစ်ခုဆောက်မယ်ဆိုရင် ဘယ်ချောင်း၊ ဘယ်မြစ်ကို ပိတ်မှာလဲ။ လယ်ဧကဘယ်လောက်ကို ရေပေးမှာလဲ။ ရေပိုလွှဲဘယ်လိုတည်ဆောက်မလဲ။ ကျောင်းတစ်ခုဆောက်တော့မယ်ဆိုရင် အထပ်ဘယ်လောက်လဲ။ စာသင်ခန်းဘယ်လောက်လဲ။ စာကြည့်တိုက်တို့၊ ကစားကွင်းတို့ကို ဘယ်မှာထားမလဲ။ ဆေးရုံတစ်ခုတည်ဆောက်တော့မယ်ဆိုရင် အရေးပေါ်ဌာန၊ ခွဲစိတ်ခန်း၊ ဓာတ်လှေကား၊ သန့်စင်ခန်းတို့ကို ဘယ်လိုနေရာတွေမှာထားမယ်။ တံတားဆိုရင် ကြိုးတံတားလား၊ RC တံတားလား။ ခံနိုင်ဝန်ဘယ်လောက်လဲ။ ရေလယ်တိုင်ရဲ့အမြင့်က ဘယ်လောက်လဲ။ ကမ်းကပ်ခုံကို ဘယ်လိုအနေအထားမှာထားမလဲ။ လမ်းတည်ဆောက်တော့မယ်ဆိုရင် ဘယ်ကိုဆက်သွယ်တဲ့လမ်းလဲ။ တံတားဘယ်နှစ်စင်းကိုဖြတ်မလဲ။ ဥမင်လိုဏ်ခေါင်းက ဘယ်လိုဖောက်မလဲ။ မတ်စောက်မှုတွေကို ဘယ်လိုဖြိုချမယ်ဆိုတဲ့ ပါဝင်ရမှာဖြစ်ပါတယ်။ Drawing စီမံကိန်းရဲ့ အသေးစိတ်ပုံစံဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ရမယ့် Specification များကို ဖော်ပြခြင်းဖြစ်ပါတယ်။ ဆည်တစ်ခုဆောက်မယ်ဆိုရင် မြေသားကွန်ကရစ်တို့ကို ဘယ်လိုအချိုးတွေနဲ့ လောင်းမှာလဲ။ ဘယ်လောက်အမြင့်၊ ဘယ်လောက်အရှည် တည်ဆောက်မှာလဲ။ အဆောက်အဦဆိုရင် Foundation ရဲ့ပုံစံက ဘယ်လိုပုံစံလဲ။ တိုင်၊ အခင်း၊ မျက်နှာကြက်၊ အမိုး

တို့ရဲ့ အတိုးအတာကို တိတိကျကျ ပါရပါမယ်။ လမ်း၊ တံတားမှာဆိုရင်တော့ ကွန်ကရစ်၊ ကတ္တရာတို့ရဲ့ Ratio အထူ၊ အပါး ဒါတွေကို ရေးဆွဲရမှာဖြစ်ပါတယ်။ B.Q ၊ Estimate မိမိတည်ဆောက်မယ့် စီမံကိန်း တွင်ပါဝင်မည့် ပစ္စည်းစာရင်းနဲ့ ပစ္စည်း၏အရေအတွက်၊ အသေးစိတ် အချက်အလက်များကို အင်ဂျင်နီယာသုံးတွက်ချက်မှုနဲ့ တွက်ချက်ခြင်းဖြစ်ပါတယ်။ ထိုသို့တွက်ချက်မှုအား တာဝန်ခံ အင်ဂျင်နီယာနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူရပါမယ်။ မဟုတ်မမှန် ပိုပြီးတွက်ထားပါက အရေးယူအပြစ်ပေးရပါမယ်။ တိကျတဲ့ပစ္စည်းစာရင်းကို ဒေသပေါက်ဈေးထည့်သွင်းပြီး ခန့်မှန်း တွက်ချက်ရမှာဖြစ်ပါတယ်။ ဒေသပေါက်ဈေးဟာ အဆမတန်များနေလျှင် ဖြတ်တောက်ခွင့်ပြုနိုင်ပါ တယ်။ တွက်ချက်မှုလည်းမှန်၊ ဒေသပေါက်ဈေးလည်းမှန်နေလျှင် လုံးဝဖြတ်တောက်ခြင်း မပြုသင့်ပါ။ မှန်နေပါလျက်နဲ့ ဖြတ်တောက်မိလျှင် နောက်ဆက်တွဲ ပြဿနာမြောက်မြားစွာ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဖြတ်ကိုဖြတ်ရမယ်ဆိုရင်တော့ စီမံကိန်းတစ်ခုလုံး ခွင့်မပြုရန်သာဖြစ်ပါတယ်။ သို့ပါသောကြောင့် မှန်ကန်သော လုပ်ထုံးလုပ်နည်းများဖြစ်ရန်၊ အစိုးရစီမံကိန်းများ စနစ်တကျအကောင်အထည်ဖော် နိုင်ရန် ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဤအဆိုအား လေးလေးနက်နက် တင်သွင်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းစိုးအောင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ဦးသန်းစိုးအောင် ပျဉ်းမနားမဲဆန္ဒနယ်မှ တင်သွင်းထားတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၃-၈-၂၀၁၈ ရက်နေ့ ဘဏ္ဍာရေး ဆိုင်ရာအစည်းအဝေး(၂/၂၀၁၈)မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အနည်းဆုံးသုံးစွဲမှုများကို အဓိကမထားဘဲ အများအကျိုးပြုအောင်သုံးစွဲမှုကို အဓိကထားစေလိုကြောင်း၊ အရည်အသွေးနှင့် အရည်အချင်းကို မဟုတ်သည့်နေရာတွင် လျှော့ချခြင်းအားဖြင့် မိမိတို့၏အလုပ်အား ထိခိုက်စေခြင်းကို မဖြစ်စေလိုကြောင်း၊ ငွေကြေး နည်းနည်းများများ အဓိကမဟုတ်ကြောင်း၊ ရှိသည့်ငွေကြေးကို နိုင်ငံတော်အတွက် အကျိုးအများဆုံးဖြစ်အောင် အဓိကထားပြီး ဆောင်ရွက်လိုပါကြောင်း ပြောကြား ညွှန်ကြားထားပါတယ်။ မှန်ပါတယ်။ လုပ်ငန်းတစ်ခုအတွက် လိုအပ်တဲ့ရန်ပုံငွေကို လိုအပ်သလို ခွင့်ပြု

ချထားပေးနိုင်ဖို့နဲ့ အရည်အသွေးနှင့်အရည်အချင်းကို စနစ်တကျစိစစ်စေလိုလို့ မှာကြားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းတစ်ခုချင်းကို အရည်အသွေးမထိခိုက်စေဖို့ စနစ်တကျ စိစစ်ဆောင်ရွက်နိုင်ရန် လွှတ်တော်မှာ တာဝန်ရှိနေပါတယ်။ ဒီတာဝန်ကျေပွန်နိုင်ဖို့ ဦးသန်းစိုးအောင်က အဆိုတင်သွင်းခဲ့တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်က အောက်ခြေမှာ စီမံကိန်းတွေရေးဆွဲကြတယ်။ အထက်အဆင့်ဆင့်ကို တင်ခဲ့တယ်။ နောက်ဆုံး လွှတ်တော်ကိုရောက်တော့ လွှတ်တော်ကပူးပေါင်းအဖွဲ့တွေက စာအုပ်ထဲက One Line နဲ့ ဖော်ပြထားတဲ့စာရင်းကိုကြည့်ပြီး ခန့်မှန်းခြေတွေနဲ့ပဲ ဘတ်ဂျက်ကို စိစစ်ဖြတ်တောက်ကြတာ တွေ့ခဲ့ရပါတယ်။ ဌာနရဲ့ဘတ်ဂျက်တစ်ခုလုံးကို စိစစ်ဖြတ်တောက်ရာမှာ ဘယ်လောက်ရာခိုင်နှုန်းအထိ ဖြတ်တောက်ရမယ်ဆိုတာသတ်မှတ်ပြီး အဲဒီရာခိုင်နှုန်းရအောင် ဖြတ်တောက်ခဲ့ကြတာပါ။ လုပ်ငန်းတစ်ခုချင်းအတွက် တိကျမှုဆိုတာ မရှိခဲ့ပါဘူး။ တစ်ထောင်တန်တဲ့လုပ်ငန်းကို ရှစ်ရာပဲ ဘတ်ဂျက်ခွင့်ပြုပေးမယ်ဆိုရင် ဌာနကလည်း လုပ်ငန်း ရန်ပုံငွေအတည်ပြုချက်ရလာရင် ရှစ်ရာနဲ့ကိုက်ညီအောင်ရေးဆွဲပြီး ဆောင်ရွက်လိုက်ကြတာပါပဲ။ အစကတည်းက စနစ်တကျ Feasibility Study လုပ်ထားတာတွေ၊ Design ၊ Drawing ၊ Estimate B.Q စတာတွေ မပါခဲ့တဲ့အတွက် တင်လာတဲ့လူကလည်း ခန့်မှန်းတင်ခဲ့တယ်လို့ စိစစ်တဲ့လူတွေကလည်း ခန့်မှန်းစိစစ်မှုနဲ့ ဖြတ်တောက်ခဲ့ကြတာပါ။ အကျိုးဆက်ကတော့ နိုင်ငံ့ဘဏ္ဍာငွေတွေ အပိုဆုံးရှုံးသွားတာရှိသလို ရန်ပုံငွေမလုံလောက်ဘဲ တည်ဆောက်ရလို့ အရည်အသွေးမမီတဲ့ လိုအပ်ချက်တွေရှိနေတဲ့လုပ်ငန်းတွေ ရှိနေတာကိုလည်း မြေပြင်မှာတွေ့နေရတာ ဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှာကြားခဲ့သလို နိုင်ငံတော်က ရှိတဲ့ငွေကြေးလေးကို နိုင်ငံတော်အတွက် အကျိုးအများဆုံးဖြစ်အောင် ဆောင်ရွက်ကြမယ်ဆိုရင် တိတိကျကျစိစစ်တွက်ချက်ထားတဲ့ Feasibility Study Report ၊ Design ၊ Drawing ၊ Structure ၊ Estimate ၊ B.Q များကို ပူးတွဲတင်ပြပြီး ရန်ပုံငွေတောင်းခံတဲ့စနစ်တစ်ခုကို ဖော်ဆောင်ရန်လိုအပ်နေပါပြီ။ လက်ရှိမှာ လွှတ်တော်က စနစ်တကျစိစစ်နေပြီလို့ဆိုနိုင်ပေမဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြည်နယ်/တိုင်းဒေသကြီးတွေအားလုံးမှာ တိတိကျကျဆောင်ရွက်နိုင်ဖို့ လိုနေပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၂-၁-၂၀၁၉ ရက်နေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒုတိယနေ့မှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၄၀၀ ဗို့လိုင်း သွယ်တန်းရာမှာ တစ်မိုင်နှုန်းထားကို တစ်နိုင်ငံလုံး တစ်ပြေးညီ သတ်မှတ်ဖို့ ဆီလျော်မှုမရှိသည့်အတွက် သတ်မှတ်နိုင်

ခြင်းမရှိကြောင်း ဖြေကြားခဲ့တာတွေ့ရပါတယ်။ ဒီအချက်ဟာမှန်ပါတယ်။ ဒေသတစ်ခုနှင့် တစ်ခုဆိုတာ နှုန်းထားမတူညီနိုင်ပါဘူး။ လက်ရှိလွှတ်တော်မှာ ရန်ပုံငွေတင်ပြတောင်းခံလာတဲ့လမ်းတွေ၊ တံတားတွေ၊ အဆောက်အဦတွေ၊ ဆေးရုံတွေ၊ စာသင်ကျောင်းတွေ၊ မြေထိန်းနံရံတည်ဆောက်ရေးလုပ်ငန်းတွေ ဒါတွေကို Design, Estimate, B.Q တွေ၊ စံကိုက်နှုန်းထားတွေ သတ်မှတ်ထားပြီး တည်ဆောက်နေတာတွေဟာ မြေပြင်နှင့်လက်တွေ့ကိုက်ညီရဲ့လား။ မကိုက်ညီရင် ဘယ်လိုနည်းလမ်းတွေနဲ့ တည်ဆောက်နေသလဲ။ ပေးတဲ့ဘတ်ဂျက်၊ စိစစ်ဖြတ်တောက်ထားတဲ့ဘတ်ဂျက်တွေနဲ့လည်း လုံလောက်ရဲ့လား။ မလုံလောက်ရင် ဘယ်လိုလုပ်နေကြသလဲဆိုတာ တည်ဆောက်ရေးလုပ်ငန်းတွေကို စိတ်ဝင်စားကြတဲ့လွှတ်တော် ကိုယ်စားလှယ်အားလုံး သိရှိနားလည်ကြမှာပါ။ ဒီလုပ်ငန်းတွေမှာ Feasibility Study အတွက် တွက်ချက်ထားမှုတွေ လိုအပ်နေတယ်ဆိုတာလည်း သိရှိကြမှာပါ။ နောက်တစ်ချက်က စီမံကိန်းအဆိုပြုလွှာတွေ၊ မြို့နယ်အလိုက်တောင်းခံရာမှာ သက်ဆိုင်ရာ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များမှ အချိန်တိုတစ်ရက်၊ နှစ်ရက်အတွင်း တောင်းခံနေတာတွေကိုလည်း ပြုပြင်ရပါမယ်။ ဒါ့အပြင် စံကိုက်နှုန်းထားသတ်မှတ်ထားတာတွေကိုလည်း မြေပြင်အခြေအနေနဲ့ ပူးတွဲရေးဆွဲရပါမယ်။ ဥပမာ- ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ လက်တူးတွင်း ၆ ပေ x ပေ ၄၀ အနက် တွင်းတစ်တွင်းကို ၄၂ သိန်းခန့် ဌာန Norm အဖြစ်သတ်မှတ်ထားတာဟာ ဒေသအချို့ရဲ့မြေပြင်နဲ့ လုံးဝကိုက်ညီမှုမရှိပါဘူး။ နေရာဒေသကွာခြားသွားတာနဲ့ ဈေးနှုန်းတွေဟာ ပြောင်းလဲသွားပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ် တမူးမြို့နယ်မှာဆိုရင် လက်တူးတွင်းတစ်တွင်းဟာ ဒီ Estimate အတိုင်းပဲကို ၂၅ သိန်းလောက်ဆိုရင် လုံလောက်စွာဆောင်ရွက်နိုင်ပါတယ်။ နာဂဒေသရဲ့ ၂၀၁၇-၂၀၁၈ ကျန်းမာရေးဌာနခွဲဘတ်ဂျက်မှာဆိုရင်လည်း ပေးတဲ့စံကိုက်နှုန်းထားဟာ ဒေသရဲ့ မြေပြင်အခြေအနေနဲ့ ကိုက်ညီမှုမရှိလို့ တင်ဒါပေးရာမှာမည်သည့်ကုမ္ပဏီကမှ မလုပ်နိုင်တဲ့အတွက် ဝန်ထမ်းအိမ်ရာတစ်လုံးကို လျှော့ချပြီး ဘတ်ဂျက်ကို ပြန်လည်ပြင်ဆင်ပြီးမှ တည်ဆောက်ခဲ့ရတာ ရှိပါတယ်။ အမှန်တကယ်လည်း ရန်ပုံငွေမလောက်ငှတဲ့အတွက် နောက်နှစ်မှရန်ပုံငွေ ထပ်မံတောင်းခံပြီး အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်ဖွဲ့စည်းပုံမှာပါတဲ့ ဝန်ထမ်းအိမ်ရာကို ဆောက်လုပ်ခဲ့ရတာတွေရှိပါတယ်။ ကျေးလက်လမ်းဌာနရဲ့ ကွန်ကရစ်လမ်းတည်ဆောက်ရေးဆိုရင်လည်း တစ်မိုင်တည်ဆောက်မယ်ဆိုရင် တည်ဆောက်ရမယ့်တစ်မိုင်အတွင်းမှာ လမ်းအကွေ့အကောက်တွေ၊ ရေကျော်တာတွေ၊ လိပ်ကျောကုန်းရှိတာတွေ၊ ဖို့မြေ၊ ဖျက်မြေလုပ်ငန်းတွေအတွက် ပြုပြင်ဖို့ရန်ပုံငွေ သီးသန့်မပါပါဘူး။ လမ်းတစ်ခုအရည်အသွေးမီရဖို့ဆိုရင် Feasibility Study ကို ထိထိ

ရောက်ရောက်ဆောင်ရွက်ရပါမယ်။ လိုအပ်ချက်တွေကို အပြည့်အစုံဖော်ပြရပါမယ်။ အဲဒီလိုပြည့်ပြည့် စုံစုံတင်ပြလာတဲ့လုပ်ငန်းတစ်ခု လွှတ်တော်မှစိစစ်ရန် တာဝန်ရှိသူများကလည်း သေသေချာချာ လေ့လာစိစစ်ခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်တွေကို ခေါ်ယူဆွေးနွေးခြင်း၊ ပြုလုပ်ခြင်းဖြင့် အမှန်တကယ်လိုအပ်တဲ့ရန်ပုံငွေကို ငွေကြေးနည်းနည်းများများ အဓိကမကြည့်ဘဲ လုပ်ငန်းကို တစ်ခါတည်းနဲ့ အကောင်းဆုံးဖြစ်အောင် ခွင့်ပြုပေးနိုင်ဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ဒီနေ့စမ်းတဝါးဝါးနှင့် ဘတ်ဂျက်တွေတင်။ ဘတ်ဂျက်တွေ စိစစ်ဖြတ်တောက်နေတာတွေ ပြီးဆုံးသင့်ပါပြီ။ နိုင်ငံရဲ့ရန်ပုံငွေကို ပြည်သူတွေအတွက် အမှန်တကယ် ထိရောက်စွာမြေပြင်မှာဆောင်ရွက်နိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်များမှ တိတိကျကျစိစစ် ဖြတ်တောက်ခြင်း၊ ခွင့်ပြုခြင်းတွေ ဆောင်ရွက်နိုင်ဖို့ အဆိုရှင်ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်မှ တင်သွင်းထားတဲ့ ပြည်သူ့ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်၊တိုင်းဒေသကြီးလွှတ်တော်များအားလည်းကောင်း တင်ပြတောင်းခံ ရာမှာ တည်ဆောက်မယ့်လုပ်ငန်းတိုင်းအတွက် Feasibility Study Report၊ Design၊ Drawing၊ Estimate နှင့် B.Q များ ပူးတွဲတင်ပြတောင်းခံပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို အား ပြည်သူ့လွှတ်တော်ကြီးမှတစ်ဆင့်လက်ခံဆွေးနွေးပေးပါရန် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးသန်းစိုးအောင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဦးစစ်အေး(တောင်သာမဲဆန္ဒနယ်)**။ ။ ဒီဟာက Project တစ်ခုလုပ်မယ်ဆိုရင် အများကြီးလိုပါတယ်။ အခုနကလို ဖြစ်နိုင်စွမ်းရှိတဲ့ Feasibility Study Report။ အဲဒီ Study တို့ကိုမှ Investigation စူးစမ်းလေ့လာ။ အဲဒီဒေသရဲ့အချက်အလက်တွေ၊ မိုးရေချိန်၊ အဲဒီမှာရှိတဲ့ အနေအထားတွေ၊ နောက်တစ်ခါ အဲဒီရဲ့ရာသီဥတုအခြေအနေတွေ အကုန်လုံး Investigation လုပ်ပြီး၊ Test Base တွေအကုန်လုံးလုပ်ပြီးမှ Design ဆိုတာလည်းဆွဲရပါတယ်။ အဲဒီ Design ဆိုတာကလည်း ပညာရှင်တွေ၊ Consultant တွေက ဆွဲရတာပါ။ အဲဒီလိုဆွဲပြီးမှ Drawing ဆိုတာ ထွက်လာပြီးမှ Estimate ဆိုတာ ပေါ်လာတာပါ။ အဲဒီတော့ ဒါတွေက တကယ်တမ်းကျတော့ ဌာနဆိုင်ရာတွေက သက်ဆိုင်တဲ့ဌာနဆိုင်ရာတွေ၊ Construction လုပ်မယ့်ဌာနဆိုင်ရာတွေက Cabinet က ခွင့်ပြုပြီးမှ ဒီ Feasibility Report ဆိုတာတောင် ရေးရတာပါ။ ဒီနေရာမှာ စူးစမ်း လေ့လာဖြစ်နိုင်စွမ်းရှိ/မရှိဆိုတာ Cabinet က လုပ်ဆိုမှ လုပ်ရတာပါ။ ဘာကြောင့်လဲဆိုတော့ Cabinet က ခွင့်မပြုဘဲနဲ့ ဒီဟာကို စူးစမ်းလေ့လာရေးတွေလုပ်လို့မရပါဘူး။ အဲဒီစူးစမ်းလေ့လာရေး လုပ်ကတည်းက နိုင်ငံတော်ဘတ်ဂျက်က သုံးနေရပါတယ်။ ဒါအစိုးရက ခွင့်ပြုခဲ့ပြီ။ ဒီအဆင့်အထိ အစိုးရက ခွင့်ပြုခဲ့ပြီ။ အဲဒီလို Feasibility Report တွေ တက်လာပြီးမှ ဒါလုပ်သင့်တယ်ဆိုရင် Design ဆွဲရပါတယ်။ အဲဒီ Design ကလည်း Consultant တွေဆွဲရပါတယ်။ အဲဒီတော့ ကျွန်တော်တို့လွှတ်တော်ကို တင်ပြခွင့်ပြုမိန့်တောင်းပြီးမှ လုပ်ရမယ်ဆိုရင် အစိုးရရဲ့လုပ်ပိုင်ခွင့်ကို ကျွန်တော်တို့လွှတ်တော်က ဝင်ရောက်စွက်ဖက်တဲ့အရာလည်း ရောက်ပါတယ်။ ဒါက အစိုးရရဲ့တာဝန်သာ ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်က Design လိုက်စစ်နိုင်တဲ့ အင်အားမရှိပါဘူး။ ကျွန်တော်တို့မှာ အဲဒီလိုပညာရှင်တွေ Design တစ်ခုကို စစ်နိုင်တဲ့အင်အား မရှိပါဘူး။ ဒီ Design မှန်/မမှန်ဆိုတာလည်း ကျွန်တော်တို့ Investigation လုပ်ခဲ့တာမဟုတ်ဘူး။ ကျွန်တော်တို့စူးစမ်းလေ့လာရေးလုပ်ခဲ့တာ မဟုတ်ဘူး။ ဒါကြောင့် ဒီ Design ကြီးတင်တယ်။ Drawing တင်တယ်။ ကျွန်တော်တို့က ဘယ်လိုဆုံးဖြတ်မှာလဲ။ ဒါ အစိုးရရဲ့တာဝန်။ အခု ကျွန်တော်တို့ လွှတ်တော်က သူတို့အဲဒီလို Design တွေဆွဲပြီး Project ရဲ့ အဲဒီကျမှ ဘယ်လောက်ကုန်မလဲဆိုတဲ့ ကုန်ကျစရိတ်တွေ၊ ဘဏ္ဍာငွေတွေကျမှ ပြည်သူ့ငွေစာရင်းတို့၊ ပူးပေါင်းကော်မတီတို့က ခေါ်ယူစစ်ဆေး တဲ့အလုပ်တွေ လုပ်နေခြင်းဖြစ်ပါတယ်။ ဒါကျွန်တော်တို့ရဲ့တာဝန်တစ်ခုဖြစ်ပါတယ်။ အဲဒီတော့ အစိုးရ က လုပ်ရတဲ့ ဒီလုပ်ငန်းကြီး Design တွေ မှန်/မမှန်၊ Drawing တွေ မှန်/မမှန်၊ ဒီရဲ့ Investigation Data တွေ မှန်/မမှန် ကျွန်တော်တို့လွှတ်တော်က တည်းဖြတ်နိုင်တဲ့အင်အားမရှိပါဘူး။ တည်းဖြတ်နိုင်

တဲ့အင်အားမရှိဘဲနဲ့ ကျွန်တော်တို့ကသဘောတူလိုက်ရင် နောင်တစ်ခုခုဖြစ်ရင် ကျွန်တော်တို့ လွှတ်တော်ပါ တရားခံပါ ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော်ဒီအဆိုဟာ လွှတ်တော်မှာ မဆွေးနွေးသင့်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ အစိုးရလုပ်ရမယ့်အလုပ်တွေသူလုပ်ပြီးမှ တကယ်လုပ်တဲ့ အချိန်မှာ Q.C(Quality)မှန်/မမှန်၊ အရည်အချင်းပြည့်/မပြည့်ဆိုတာ လုပ်ပြီးမှ ကျွန်တော်တို့စစ်ရ တယ်။ လုပ်နေတဲ့အချိန်နဲ့ လုပ်ပြီးတဲ့အချိန်တွေကို ကျွန်တော်တို့စစ်လို့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အစိုးရရဲ့လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ခြင်းလည်းမြောက်ပါတယ်။ နောက်တစ်ခု က ဒီဟာတွေကို ကျွန်တော်တို့လွှတ်တော်က အဆုံးအဖြတ်မပေးနိုင်ပါဘူး။ ကျွန်တော်တို့က ကုန်ကျ စရိတ်ကိုပဲ ခေါ်ယူတွေ့ဆုံပြီး များတယ်၊ နည်းတယ်ဆိုတာ စစ်နိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီ Engineering Seem တွေကို ဒီလွှတ်တော်ကိုတင်ပြီးမှ လွှတ်တော်က ခွင့်ပြုပြီးမှ လုပ်မယ်ဆိုရင် နောင်တစ်ခုခုဖြစ်ရင် ကျွန်တော်တို့ပညာရှင်မဟုတ်တဲ့ ကျွန်တော်တို့လွှတ်တော်က အပြစ်ရှိသွား ပါလိမ့်မယ်။ ဒါကြောင့် ဒီအဆိုကို မဆွေးနွေးသင့်ဘူးလို့ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူရှိတဲ့အတွက် အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ထောက်ခံသူများပါက အဆိုကို လက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ကန့်ကွက်သူများပါက အဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၈၃ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၅၉ မဲနှင့် ကြားနေဆန္ဒမဲ ၇ မဲဖြစ်ပါတယ်။

## ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးသန်းစိုးအောင် တင်သွင်းတဲ့ ပြည်သူ့ဘဏ္ဍာငွေများဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် Project Proposals(စီမံကိန်းအဆိုပြုလွှာ)များ အား ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း၊ ပြည်နယ် သို့မဟုတ်

တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်များအားလည်းကောင်း တင်ပြတောင်းခံရာတွင် တည်ဆောက်မည့်လုပ်ငန်းတိုင်းအတွက် Feasibility Study Report, Design၊ Drawing၊ Estimate နှင့် B.Q များပူးတွဲတင်ပြတောင်းခံပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တံတားကြီးများ ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ (၂၃-၁-၂၀၁၉ ရက်) ဗုဒ္ဓဟူးနေ့မှာ လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ ၍ ၂၅-၁-၂၀၁၉ ရက်နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၃၉)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၃၉)ချက်နှင့်စပ်လျဉ်းပြီး ပြင်ဆင်သင့်ကြောင်း တင်ပြထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၃၉)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးချက်အရ တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရလွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာတဲ့ တံတားကြီးများဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၁၆-၈-၂၀၁၈ ရက်နေ့မှာ စတင်ဆွေးနွေးခဲ့ပြီးတော့ ၁၂-၉-၂၀၁၈ ရက်နေ့မှာကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြင်ဆင်ချက်များနှင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်မှာဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။

ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်တဲ့ ၂၃-၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)မှာ လွှတ်တော်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၂၅-၁-၂၀၁၉ ရက်(သောကြာနေ့)နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက်ကြောင့် ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်က ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်[ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်]၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများရဲ့မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၄-၂-၂၀၁၉ ရက်(တနင်္လာနေ့)မှာ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသား

လွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များအနက် အချက်(၃၉)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီးတော့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်(၃၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်(၃၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ မှ ၇ | ၂၊ ၃၊ ၄၊ ၆၊ ၇၊ ၉၊ ၁၁၊ ၁၃ | အခန်း(၁)ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ပ)၊ အပိုဒ်ခွဲ(ဒ) |
| (ခ) | ၉ မှ ၁၀ | ၁၆၊ ၁၇ | အခန်း(၂)ခေါင်းစဉ်၊ အပိုဒ် ၃ |
| (ဂ) | ၁၁ မှ ၁၉ | ၂၀၊ ၂၂၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀၊ ၃၂ | အပိုဒ် ၄ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဈ)နှင့်(ည)၊ အပိုဒ် ၅ အပိုဒ်ခွဲ(င)ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၃)(၄)(၅) အပိုဒ်ခွဲ(စ)နှင့်(ဆ)၊ အပိုဒ်ခွဲ(ဈ) |
| (ဃ) | ၂၀ မှ ၂၄ | ၃၅၊ ၃၇၊ ၃၉၊ ၄၁ | အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဆ)(ဇ)(ဈ)နှင့်(ည)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(ဍ) |
| (င) | ၂၄ မှ ၂၆ | ၄၂၊ ၄၃၊ ၄၅၊ ၄၇၊ ၄၉ | အခန်း(၅)ခေါင်းစဉ်၊ အပိုဒ် ၇ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ)၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ) |
| (စ) | ၂၆ မှ ၂၇ | ၅၁၊ ၅၃ | အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၉ အပိုဒ်ခွဲ(က)နှင့်(ခ) |
| (ဆ) | ၂၇ မှ ၃၂ | ၅၅၊ ၅၇၊ ၅၉၊ ၆၀၊ ၆၂ | အခန်း(၇)ခေါင်းစဉ်၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)နှင့်(ည)၊ အပိုဒ်ခွဲ(ဌ)(ဍ)နှင့်(ပ)၊ အပိုဒ် ၁၂ ခြေဆင်း၊ အပိုဒ်ခွဲ(ခ) |
| (ဇ) | ၃၂ မှ ၃၅ | ၆၄၊ ၆၅၊ ၆၆၊ ၆၈ | အခန်း(၈)ခေါင်းစဉ်၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၅ |

**မှူကြမ်း**

| | | | |
|---|---|---|---|
| (ဈ) | ၃၅ မှ ၃၇ | ၇၀၊ ၇၆ | အခန်း(၉)ခေါင်းစဉ်၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၀ ကို ပယ်ဖျက်ခြင်း |

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ညှိနှိုင်းအစည်းအဝေးတိုင်းမှာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ တံတားဦးစီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ဆွေးနွေးပါဝင်ခဲ့တဲ့အတွက် ဒီပြင်ဆင်ချက်များဟာလည်း ပိုမိုပြည့်စုံအောင်ပြင်ဆင်ထားတဲ့အတွက် ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တံတားကြီးများဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၃၉)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် (၃၉)ချက်ကို အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီကသဘောတူထားသည့် (၃၉)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၃၉)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်တင်ပြချက်(၃၉)ချက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များထံ လည်း ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့

ပြင်ဆင်ရန်တင်ပြချက်(၃၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၃၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ မှ ၉ | ၁၊ ၅၊ ၈၊ ၁၀၊ ၁၂၊ ၁၄၊ ၁၅ | ဥပဒေခေါင်းစီး၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) (င) (ဃ) (စ) (ဆ) နှင့် (ဇ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဌ) နှင့် (ဍ)၊ အပိုဒ်ခွဲ(ဏ) (တ) နှင့် (ထ)၊ အပိုဒ်ခွဲ(ဓ)နှင့်(န)၊ အပိုဒ်ခွဲ(ပ) |
| (ခ) | ၁၀ မှ ၁၈ | ၁၈၊ ၁၉၊ ၂၁၊ ၂၃၊ ၂၅၊ ၂၇၊ ၂၉၊ ၃၁ | အခန်း(၃)ခေါင်းစဉ်ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိခြင်း၊ အပိုဒ် ၄ ခြေဆင်းကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိခြင်း၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)(စ)(ဆ)နှင့်(ဇ)၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ်ခွဲ(င) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ဇ) |
| (ဂ) | ၁၉ မှ ၂၃ | ၃၃၊ ၃၄၊ ၃၆၊ ၃၈၊ ၄၀၊ | အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ)၊ အပိုဒ်ခွဲ(င)နှင့်(စ)၊ အပိုဒ်ခွဲ(ဠ)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ်ခွဲ(ဍ)ကိုပယ်ဖျက်ခြင်း၊ |
| (ဃ) | ၂၅ မှ ၂၆ | ၄၄၊ ၄၆၊ ၄၈၊ ၅၀ | အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)ကို အဆိုပြုပြင်ဆင်ချက်အတိုင်းထားရှိခြင်း |
| (င) | ၂၆ မှ ၂၇ | ၅၂၊ ၅၄ | အပိုဒ် ၉ ခြေဆင်း၊ အပိုဒ်ခွဲ(ဂ) |
| (စ) | ၂၈ မှ ၃၂ | ၅၆၊ ၅၈၊ ၆၁၊ ၆၃ | အပိုဒ် ၁၀၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဠ)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ) |
| (ဆ) | ၃၃ မှ ၃၅ | ၆၇၊ ၆၉ | အပိုဒ် ၁၄ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ)၊ အပိုဒ် ၁၆ |
| (ဇ) | ၃၅ မှ ၃၈ | ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၇၊ ၇၈ | အပိုဒ် ၁၇၊ အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၁၈ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၂၁၊ အပိုဒ် ၂၂ |

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**မူကြမ်း**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီ ဥပဒေကြမ်းကော်မတီရဲ့ဆွေးနွေးပွဲတိုင်းမှာလည်း တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးပြီးဖြစ်တဲ့အတွက် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၃၉)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၃၉)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် တံတားကြီးများဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ တံတားကြီးများဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ (၃၁-၁-၂၀၁၉ ရက်)ကြာသတေးနေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၄-၂-၂၀၁၉ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်(၅၃)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၈၇)ချက်နှင့်စပ်လျဉ်းပြီး ပြင်ဆင်သင့်ကြောင်း တင်ပြထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၅၃)ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာတဲ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာတဲ့ဥပဒေတစ်ရပ် ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်တဲ့ (၃၁-၁-၂၀၁၉ ရက်)ကြာသပတေးနေ့တွင် လွှတ်တော်သို့ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို (၄-၂-၂၀၁၉ ရက်)တနင်္လာနေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခဲ့ကြပါတယ်။ ပြင်ဆင်ချက်အဆိုများကို ဆွေးနွေးရန်နှင့် တင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်များကတော့

(က) ဦးဘိုဘိုဦး စမ်းချောင်းမဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ကြည်မို့မို့လွင် စဉ့်ကိုင်မဲဆန္ဒနယ်၊

(ဂ) ဦးနိုင်ထူးအောင် နွားထိုးကြီးမဲဆန္ဒနယ်၊

(ဃ) ဦးမင်းသိန်း တောင်တွင်းကြီးမဲဆန္ဒနယ်၊

(င) ဦးဌေးငွေ မြောင်မဲဆန္ဒနယ်နှင့်

(စ) ဗိုလ်မှူးကြီးထင်လင်းဦး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က တင်သွင်းလာခဲ့ကြခြင်း ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့်အတူ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ (၇-၂-၂၀၁၉ ရက်) ကြာသပတေးနေ့တွင် ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ ထိုညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့တဲ့ အချက်များအနက် အချက်(၅၃)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။

[အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ချက်(၅၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၉ | ၂၊ ၄၊ ၅၊ ၁၀၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉ | အခန်း(၁) ခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဇ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၅) နှင့်(၆)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(ထ)နှင့်(ဒ) |
| (ခ) | ၉ မှ ၁၀ | ၂၀၊ ၂၁၊ ၂၃၊ ၂၅၊ ၂၇ | အခန်း(၂) ခေါင်းစဉ်၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)နှင့်(စ)၊ အပိုဒ်ခွဲ(ဇ) |

| | | | |
|---|---|---|---|
| (ဂ) | ၁၃ မှ ၁၈ | ၃၁၊ ၃၅ | အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)မှ(၁၀)၊ အပိုဒ် ၈ ခြေဆင်း၊ |
| (ဃ) | ၁၈ မှ ၁၉ | ၄၁၊ ၄၂ | အပိုဒ် ၉၊ အပိုဒ် ၁၀ |
| (င) | ၂၀ | ၄၈ | အပိုဒ် ၁၄ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (စ) | ၂၀ မှ ၂၄ | ၅၀၊ ၅၂ | အပိုဒ် ၁၅ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(င)(စ)နှင့်(ဆ)၊ အပိုဒ်ခွဲ (ည)နှင့်(ဋ) |
| (ဆ) | ၂၄ မှ ၂၉ | ၅၅၊ ၅၇၊ ၅၉၊ ၆၂၊ ၆၄၊ ၆၆၊ ၆၉ | အပိုဒ် ၁၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၁)(၂)(၃)(၄)(၅)(၆)နှင့် (၇)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ) |
| (ဇ) | ၃၀ မှ ၃၃ | ၇၄၊ ၇၈၊ ၈၀၊ ၈၄၊ ၈၈ | အပိုဒ် ၂၀ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)(၂)(၃)နှင့်(၄)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(င) (စ)(ဆ)(ဇ) (ဈ)နှင့်(ည) |
| (ဈ) | ၄၃ မှ ၅၀ | ၉၂၊ ၉၄၊ ၉၆၊ ၉၈၊ ၁၀၀ | အပိုဒ် ၃၁ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ) (င)(စ)(ဆ)(ဇ)(ဈ)နှင့် (ည)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ(က)(ခ)(ဂ)နှင့်(ဃ)၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(က)(ခ)(ဂ)နှင့်(ဃ)၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(က)(ခ)(ဂ) (ဃ)(င)နှင့်(စ)၊ အပိုဒ် ၃၅ အပိုဒ်ခွဲ(က)(ခ)(ဂ)နှင့်(ဃ) |
| (ည) | ၅၁ မှ ၅၄ | ၁၀၉ | အပိုဒ် ၄၁ အပိုဒ်ခွဲ(က)(ခ)(ဂ)နှင့်(ဃ) |
| (ဋ) | ၅၂ မှ ၅၄ | ၁၁၂၊ ၁၁၄၊ | အပိုဒ် ၄၃ ခြေဆင်း၊ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ်ခွဲ (ဃ)၊ |

| | | | |
|---|---|---|---|
| | | ၁၁၆၊ ၁၁၉ | အပိုဒ် ၄၅ အပိုဒ်ခွဲ(ခ)(ဂ)နှင့်(ဃ) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ဌ) | ၅၄ မှ ၆၀ | ၁၂၁၊ ၁၂၄၊ ၁၂၆၊ ၁၃၀၊ ၁၃၂၊ ၁၃၃၊ ၁၃၅၊ ၁၃၆၊ ၁၃၈၊ ၁၃၉၊ ၁၄၀ | အပိုဒ် ၄၆ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၄၇ အပိုဒ်ခွဲ(က) နှင့်(ခ)၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၉ အပိုဒ်ခွဲ(ခ) နှင့်(ဂ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၄ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီတဲ့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၅၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ယဉ်ကျေးမှုအမွေအနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ကျင်းပပြုလုပ်တဲ့ ညှိနှိုင်းအစည်းအဝေးပွဲများမှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၅၃)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၅၃) ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ယဉ်ကျေးမှုအမွေအနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့်(၅၃)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ယဉ်ကျေးမှုအမွေအနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၈၇)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၈၇)ချက် ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၈၇)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၉ | ၁၊ ၃၊ ၆၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၃၊ ၁၅၊ ၁၇၊ ၁၈ | ဥပဒေခေါင်းစီး၊ အပိုဒ် ၁ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)ခြေဆင်း၊ အပိုဒ်ခွဲငယ်(၂) (၃) နှင့် (၄)၊ အပိုဒ်ခွဲ(ဇ) ၏ ခြွင်းချက်၊ အပိုဒ်ခွဲ(ည)နှင့်(ဋ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ပ)(ဏ) နှင့်(တ) |
| (ခ) | ၉ မှ ၁၁ | ၂၂၊ ၂၄၊ ၂၆ | အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဆ) |
| (ဂ) | ၁၁ မှ ၁၂ | ၂၈ | အသစ်ဖြည့်စွက်ချက် အခန်း(၃) {အပိုဒ် ၄၊ ၅ နှင့် ၆} |
| (ဃ) | ၁၂ မှ ၁၈ | ၂၉၊ ၃၀၊ ၃၂၊ | အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၇ ခြေဆင်းနှင့် အပိုဒ်ခွဲ(က) ခြေဆင်း၊ |

| | | | |
|---|---|---|---|
| | | ၃၃၊ ၃၄၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉ | အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁၁)နှင့် (၁၂)၊ အပိုဒ်ခွဲငယ်(၁၃)၊ အပိုဒ်ခွဲ (ခ)နှင့်(ဂ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ် (၁)(၄)(၃)(၂)နှင့်(၅)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲ (ခ)နှင့် (ဂ) |
| (င) | ၁၈ | ၄၀ | အခန်း (၅) ခေါင်းစဉ် |
| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
| (စ) | ၁၉ မှ ၂၁ | ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၅၇ | အခန်း(၆) ခေါင်းစဉ်၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ ခြေဆင်း |
| (ဆ) | ၂၁၊ ၅၁ | ၄၉၊ ၅၁ | အခန်း(၇) ခေါင်းစဉ်၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ဇ)နှင့် အသစ်ဖြည့်စွက်ချက်အပိုဒ်ခွဲ(ဈ) |
| (ဇ) | ၂၄ မှ ၃၀ | ၅၃၊ ၅၄၊ ၅၆၊၅၉၊ ၆၀၊ ၆၁၊ ၆၃၊ ၆၅၊ ၆၇၊ ၆၉၊ ၇၀၊ ၇၁ | အခန်း(၈) ခေါင်းစဉ်၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲ(ဃ) ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ (င)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ |
| (ဈ) | ၃၀၊ ၃၄ မှ ၄၂ | ၇၂၊ ၇၃၊ ၇၅၊ ၇၆၊ ၇၇၊ ၇၉၊ ၈၁၊ ၈၂၊ ၈၃၊ ၈၅၊ ၈၆၊ ၈၇၊ ၈၉ | အခန်း(၉) ခေါင်းစဉ်၊ အပိုဒ် ၂၁ ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၄ အပိုဒ်ခွဲ (က)ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ ခြေဆင်း၊ အပိုဒ် ၃၀ |
| (ည) | ၄၃ မှ ၄၅၊ ၄၉ | ၉၀၊ ၉၁၊ ၉၃၊ ၉၅၊ ၉၇၊ ၉၉၊ ၁၀၁၊ | အခန်း(၁၀) ခေါင်းစဉ်၊ အပိုဒ် ၃၁ ခြေဆင်း၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၄ ခြေဆင်း၊ |

| | | | |
|---|---|---|---|
| | | ၁၀၂ | အပိုဒ် ၃၅ ခြေဆင်း၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၃ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၆ |
| (၅) | ၅၀ မှ ၅၂ | ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၁၀ | အခန်း(၁၁) ခေါင်းစဉ်၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ ခြေဆင်း၊ အပိုဒ် ၄၂ |
| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
| (၆) | ၅၂ မှ ၅၄ | ၁၁၂၊ ၁၁၃၊ ၁၁၅၊ ၁၁၇၊ ၁၁၈ | အခန်း(၁၂) ခေါင်းစဉ်၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၁ အပိုဒ်ခွဲ(က)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၄၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၄ ၊ အပိုဒ် ၄၅ ခြေဆင်းနှင့် အပိုဒ်ခွဲ(က) |
| (၇) | ၅၄ မှ ၅၉ | ၁၂၀၊ ၁၂၂၊ ၁၂၃၊ ၁၂၅၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၁၊ ၁၃၄၊ ၁၃၇ | အခန်း(၁၃)ခေါင်းစဉ်၊ အပိုဒ် ၄၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၇ ခြေဆင်း၊ အပိုဒ် ၄၈ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၉ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၀၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၅၀ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၅၃ အပိုဒ်ခွဲ(ခ) |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၈၇)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ညှိနှိုင်းတဲ့အစည်းအဝေးများမှာလည်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးချက်များနှင့်ပတ်သက်လို့ ယခု

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ တင်ပြတဲ့ပြင်ဆင်ချက်များဟာ ပိုမိုပြည့်စုံတဲ့အတွက် ကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ ကန့်ကွက်ရန်မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၈၇)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၈၇)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေး ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား လွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြု သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက် မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်(သောကြာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံ များ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ (၁၄.၂.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Maj Genl Than Htut    U Lagan Zal Gyone




Maj Genl Than Htut    U Sai Thiha Kyaw




U Han Zaw    Dr Kyi Moh Moh Lwin




U Han Zaw    Dr Sein Mya Aye




U Han Zaw    U Nay Lin Aung




U Han Zaw    U Sai Tun Sein

pyithu.hluttaw.mm



U Han Zaw



U Khin Maung Myint

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်